# MYANTRADE
# ဈေးကွက်သတင်းလွှာ

အမှတ်စဉ် ၁၀/၂၀၂၃

myantrade

## ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- ဈေးမြင့်တက်နေခဲ့တဲ့ သကြားဈေး ပြန်ကျ
- မုံရွာမြို့တွင် ကြက်သွန်နီဈေးနှုန်း အနည်းငယ်မြင့်တက်
- မအူပင်မြို့နယ်တွင် ငရုတ်သီးအခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ ထိ ဈေးကောင်းရရှိ

### နိုင်ငံတကာဈေးကွက်

- ၂၀၂၃-၂၀၂၄ စိုက်ပျိုးရာသီတွင် ထိုင်းဆန် စိုက်ပျိုးထုတ်လုပ်မှု ကျဆင်းသွားနိုင်ဖွယ်ရှိ
- ဖိလစ်ပိုင်သမ္မတမားကို့စ်မှ ဆန်တင်သွင်းမှုအပေါ်ကောက်ခံနေသည့် အကောက်ခွန်နှုန်းအား ယာယီလျှော့ချပေးရန် တင်ပြချက်အပေါ် သဘောမတူပယ်ချ
- ပဲနီလေးကုန်သွယ်မှုအပေါ်ကနေဒါမှ ထိုးနှက်ခြင်းမရှိသကဲ့သို့အိန္ဒိယအနေဖြင့်လည်း ပြည်တွင်းလိုအပ်ချက်အတွက်အလုံအလောက်ရှိ
- ကင်ညာနိုင်ငံမှ ထောပတ်သီးတင်သင်္ဘော အိန္ဒိယနိုင်ငံမွန်ဘိုင်းသို့ပထမဆုံး ရောက်ရှိ
- အိန္ဒိယနိုင်ငံ၊ ကုန်သွယ်မှုကုစားရေး ညွှန်ကြားရေးမှူးရုံး (DGTR) သည် ဈေးပေါသော သွင်းကုန်ပစ္စည်းများကြောင့် ပြည်တွင်း MSME လုပ်ငန်းများကို ကာကွယ်ရန်အတွက် တရုတ်ကုန်ပစ္စည်း ၃ မျိုးကို စွန့်ပစ်ပစ္စည်းများအဖြစ် စွပ်စွဲ၍ စုံစမ်းစစ်ဆေးမှုများဆောင်ရွက်
- ထိုင်းနိုင်ငံ၏ ပို့ကုန်ပမာဏတိုးမြှင့်နိုင်ရေးအတွက် ထိုင်းနိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား ဆွေးနွေးပွဲတစ်ရပ် ကျင်းပသွားရန်ရှိ
- အရှေ့တောင်အာရှမှ အုန်းသီးများ တရုတ်ဈေးကွက်သို့ ပိုမိုဝင်ရောက်လာ
- မလေးရှားနိုင်ငံသည်အီးယူ၏ကန့်သတ်ချက်များကိုရှောင်ရှား၍တရုတ်နိုင်ငံသို့စားအုန်းဆီနှစ်ဆတင်ပို့မည်
- ဗီယက်နမ်နိုင်ငံတွင် ကော်ဖီဈေး မြင့်တက်လာပြီး ပြည်ပသို့ တင်ပို့ရန်ရှားပါးနေ
- ရုရှားနိုင်ငံသည် ဓာတ်ဆီနှင့် ဒီဇယ်ဆီတင်ပို့မှုအပေါ် ကန့်သတ်ချက်များချမှတ်ခဲ့
- တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများအား တရုတ်နိုင်ငံဈေးကွက်မှထွက်ခွာရန် တိုက်တွန်းထား
- မလေးရှားတွင် အယ်နီညိုဖြစ်လင့်ကစား ၂၀၂၄ စားအုန်းဆီ အထွက်နှုန်း မြင့်တက်မည်
- သံလွင်ဆီဈေးနှုန်း ၁၀၀ ရာခိုင်နှုန်းကျော် စံချိန်တင် မြင့်တက်
- အီတလီနှင့်ထိုင်းနိုင်ငံတို့အကြား အစားအစာနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်သွားမည်ဖြစ်

### ပြည်တွင်းကုန်သွယ်မှုသတင်း

- စပါးခွံမှလျှပ်စစ်စွမ်းအင်ထုတ်စက်ရုံနှင့် ဖွဲနုမှဖွဲနုဆီထုတ်စက်ရုံများ အကောင်အထည်ဖော်လုပ်ဆောင်မည်
- အက်ခ်မက်-ကိုရီးယားစီမံကိန်း၏ တတိယအကြိမ်သင်တန်း အစီအစဉ်ဖြစ်သည့် "အုန်းသီးတန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ခြင်းနည်းပညာပေးသင်တန်း"

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
ဖက်စ် ၀၁ -၃၇၆၄၁၆
http://www.myantrade.org

ဖွင့်လှစ်ခြင်း

- အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း (Online Sales) လုပ်ငန်း မှတ်ပုံတင်နိုင်ရေး အသိပညာပေးအစီအစဉ်နှင့် eComReg System စနစ်ဖွင့်လှစ်ခြင်း အခမ်းအနား ရန်ကုန်မြို့၌ ကျင်းပ
- ပြည်ပနေနိုင်ငံသားများ၏ လစာဝင်ငွေခွန်ကို မိမိရရှိသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့် ပေးဆောင်ရမည်ဖြစ်ပြီး သက်ဆိုင်ရာပြည်ပနိုင်ငံ၏ အခွန်ဥပဒေအရ ပေးဆောင်ခဲ့ရသော ဝင်ငွေခွန် ပမာဏကို ခုနှိမ်ခွင့် ရရှိမည်ဟု ပြည်တွင်းအခွန် ထုတ်ပြန်

**ပြည်ပကုန်သွယ်မှုသတင်း**

- ပြည်ပဈေးကွက်သို့ မြန်မာ့ဆန်တင်ပို့မှု ပြန်လည်အားကောင်းမည်
- တစ်ပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဒေါ်လာ ၅ ဒသမ ၅၇၀ သန်းကျော် တန်ဖိုးရှိသည့် ဆေးဝါးပစ္စည်းတန်ချိန် ၅၀၀ ခန့် တင်သွင်း
- ယခုနှစ် တရုတ်နိုင်ငံသို့ ပြည်တွင်းမှ ဖရဲသီးတန်ချိန် တစ်သိန်းကျော် တင်ပို့ခဲ့
- ရုရှားနိုင်ငံက မြန်မာ့ကော်ဖီများကိုဝယ်ယူရန် စီစဉ်ဆောင်ရွက်နေ

**အထူးဆောင်းပါး**

- ဂျာမနီတွင် ဆောက်လုပ်ရေးဆိုင်ရာ တင်းကျပ်သော စည်းမျဉ်းများအား ဖျက်သိမ်း
- ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ရန်ကိစ္စ အသိပေးကြေညာချက်
- မြန်မာနိုင်ငံ၏ အာဆီယံ-ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှုနယ်မြေဆိုင်ရာ အကောက်ခွန် လျှော့ချမှု အစီအစဉ် ထုတ်ပြန်

**ကုန်သွယ်မှုအခြေအနေ၊ကုန်စည်ဈေးနှုန်းများ**

## ပြည်တွင်းဈေးကွက်

### ဈေးမြင့်တက်နေခဲ့တဲ့ သကြားဈေး ပြန်ကျ

ပြည်တွင်း သကြားဈေးမြင့်တက်လာရာကနေ ယခုစက်တင်ဘာလတွင် အနည်းငယ် ပြန်လည်ကျဆင်းသွားကြောင်း သိရသည်။ လက်ရှိတွင် ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးကွက်တွင် သကြားတစ်ပိဿာကို ၃၅၈၀ ကျပ်မှ ၃၆၀၀ ကျပ်သာ ရှိတော့သဖြင့် ယခင်ကထက် တစ်ပိဿာကို ၅၀ ကျပ်မှ ၁၀၀ ဝန်းကျင် ထပ်မံကျဆင်းသွားခြင်းဖြစ်ဟုသိရသည်။

ဩဂုတ်လကုန်ပိုင်းတွင် သကြားတစ်ပိဿာကို ၃၇၀၀ ကျပ်မှ ၃၇၂၀ ကျပ်အထိ အမြင့်ဆုံးဈေးတန်းဖြစ်ခဲ့ပြီး ယင်းနောက်စက်တင်ဘာလဆန်းတွင် တစ်ပိဿာကို ၆၂၀ မှ ၆၅၀ ကျပ်သာ ရှိသဖြင့် တစ်ပိဿာကို ၇၀ ကျပ်ဈေး ကျခဲ့ကြောင်း သိရသည်။

သကြားဈေးသည် ကမ္ဘာ့သကြားဈေးအပေါ်လိုက်ပြီး အတက်အကျဖြစ်သလို ပြည်တွင်း သကြားလက်ကျန်နည်းပါကလည်း သကြားကုန်သည်များ၏ ဈေးကစားမှုအပေါ်လိုက်ပြီးလည်း သကြားဈေး တက်ခြင်း၊ ကျခြင်း ဖြစ်နိုင်ကြောင်း မြန်မာနိုင်ငံသကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဒုတိယ ဥက္ကဋ္ဌ ဦးဝင်းဌေးကပြောပြသည်။

"အခုက စက်ရုံတွေမှာ သကြားသိပ်မရှိတော့ဘူး၊ ကုန်သည်တွေ လက်ထဲမှာပဲ သကြားကလက်ကျန်ရှိတော့တယ်၊ ဒီတော့သကြားဈေးကို ကုန်သည်တွေကဈေးကစားနေတဲ့သဘောရှိတယ်။ ကုန်စည်ဒိုင်ဈေးကသကြားဖြူဈေးနှုန်းပါ။ သကြားဖြူက အစားများဆုံးပါ ၊လက်ကျန်နည်းပေမဲ့ စိုးရိမ်စရာမရှိဘူး။" ဟု ဦးဝင်းဌေးကပြောသည်။

သန့်စင်သကြားကို ယခင်က ပြည်ပကနေ တင်သွင်းမှုများပြားခဲ့သော်လည်း လက်ရှိတွင် ပြည်တွင်းမှ ထွက်ရှိသည့် ပစ္စည်းများကို ပြည်ပမှတင်သွင်းခြင်းအား အကန့်အသတ်ဖြင့် ခွင့်ပြုနေသည့်အပြင် နိုင်ငံခြားငွေလဲနှုန်း မတည်ငြိမ်ခြင်း၊ နိုင်ငံခြားငွေ ဝယ်ယူရန်ခက်ခဲခြင်းတို့ကြောင့် ပြည်တွင်းထွက်သကြားကိုသာအဓိက အသုံးပြုနေကြရသဖြင့် သကြားဈေးသည် ကုန်သည်များ၏ ဈေးကစားခြင်းခံနေရခြင်းဖြစ်ဟု သိရသည်။

ထို့ကြောင့်ပြည်တွင်းလုပ်ငန်းများတွင် သကြားသုံးစွဲရန်လိုအပ်သည့် လုပ်ငန်းရှင်များကို ပြည်ပကနေသာ သကြားတင်သွင်းခွင့်ပြုပေးမည်ဆိုလျှင် ပြည်တွင်း သကြားဈေးသည် ယခုထက်ပိုပြီးဈေးကျဆင်းနိုင်ကြောင်း သိရသည်။

လက်ရှိ သကြားဈေးသည် ကုန်စည်ဒိုင်တွင် ၃၅၈၀ ရှိပြီး လက်လီဈေးကွက်တွင်လည်း တစ်ပိဿာကို ၄၀၀၀ ကျပ်ဈေးရှိကြောင်း ယင်းဈေးနှုန်းသည် ပြန်လည်ကျဆင်းလာသည့်ဈေးတန်းဖြစ်သော်လည်း ယခင်နှစ်သကြားဈေးကွက်နှင့် နှိုင်းယှဉ်ပါက အမြင့်ဈေးတန်းတစ်ခုဖြစ်နေသေးဟုသိရသည်။

"သကြားဈေးက ကျသွားတာဟုတ်တယ်၊ ဒါပေမဲ့ ကျတဲ့ဈေးနှုန်းကကို အမြင့်တန်းဖြစ်နေသေးတယ်။ အရင်ကဆို တစ်ပိဿာမှ ကျပ် ၁၈၀၀၊ ၂၀၀၀ လောက်အထိပဲရှိခဲ့တယ်။ သကြားကအဓိကကတော့ ကွန်တော်တို့လို မုန့်လုပ်ငန်းတွေ၊ လက်ဖက်ရည်ဆိုင်တွေကအဓိကသုံးကြတာ၊ စားသုံးတဲ့ပြည်သူကတော့ သုံးတာနည်းတာ" ဟု မုန့်မျိုးစုံ လုပ်ငန်းလုပ်ကိုင်နေသူ တစ်ဦးကပြောသည်။

ပြည်တွင်း၌ တစ်နှစ်လျှင် ပျမ်းမျှ သကြားတန်ချိန် လေးသိန်းခန့် ထွက်ရှိပြီး မြန်မာနိုင်ငံ၏ ကြံကြိတ်ခွဲရာသီမှာ နှစ်စဉ် ဒီဇင်ဘာလမှ စတင်ကာ ဧပြီလဆန်းပိုင်းတွင် ကုန်ဆုံးလေ့ရှိကြောင်း၊ ကြံကို စစ်ကိုင်းတိုင်း ၊ ပဲခူးတိုင်း (အရှေ့ခြမ်းနှင့် အနောက်ခြမ်း)၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် စိုက်ပျိုးကြကြောင်း သိရသည်။

လာမည့် ကြံကြိတ်ဝါးရာသီတွင် ကြံတစ်တန်ကိုစက်ရုံအရောက်ဈေး ကျပ် တစ်သိန်းကျော်ဖြင့် ဝယ်ယူမည်ဖြစ်ကြောင်း သကြားစက်ရုံအချို့ကဈေးဖွင့်ထားကြသည်။ Source : Myanma Awba

Source: Commercial News

## မုံရွာမြို့တွင် ကြက်သွန်နီဈေးနှုန်း အနည်းငယ်မြင့်တက်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ပေါ်ရှိ ကြက်သွန်နီကုန်ဝယ်ဒိုင်များသို့ ပုလဲ၊ ချောင်းဦး၊ ယင်းမာပင်၊ ဘုတလင်၊ ဆားလင်းကြီးနယ်များမှ ကြက်သွန်နီများအပြင် မုံရွာမြို့နယ်အတွင်း ကြက်သွန်နီ အများဆုံးစိုက်ပျိုးထွက်ရှိရာ ဒေသများ ဖြစ်ကြသော မြေနဲကျေးရွာ၊ အောင်သာကျေးရွာ၊ မင်းကျေးရွာ၊ ကုတောပလ္လင်ကျေးရွာ၊ လယ်တီကျေးရွာ၊ တုံကျေးရွာနှင့် နှုန်းကြီးကျေးရွာစသည့် ကျေးရွာများမှထွက်ရှိသော ကြက်သွန်နီများ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ကြက်သွန်နီ ဈေးနှုန်းအနေဖြင့် စက်တင်ဘာလ(တတိယ)အပတ်တွင် လက်ကားဒိုင်ဈေးမှာ ကြက်သွန်နီ(ထိပ်စ) တစ်ပိဿာလျှင် ကျပ် ၂,၈၀၀၊ (အလတ်စ) တစ်ပိဿာလျှင် ကျပ် ၂,၆၀၀၊ (အနိမ့်စ)တစ်ပိဿာလျှင် ကျပ် ၂,၀၀၀-၂,၁၀၀ ဖြင့် နေ့စဉ်အရောင်းအဝယ်ဖြစ်နေကြောင်း၊ မုံရွာမြို့ ပေါ်ရှိကုန်သာယာဈေးနှင့်ဈေးဟောင်းတို့တွင် ကြက်သွန်နီ လက်လီဈေးနှုန်းမှာ (ထိပ်စ) တစ်ပိဿာလျှင် ကျပ် ၃,၁၀၀-၃,၂၀၀၊ (အလတ်စ) တစ်ပိဿာလျှင် ကျပ် ၂,၇၀၀-၂,၈၀၀၊ (အနိမ့်စ) တစ်ပိဿာလျှင် ကျပ် ၂,၃၀၀-၂,၄၀၀ ဖြင့်အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။ အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ယခုအချိန်သည် ကြက်သွန်ပေါ်ချိန် မဟုတ်သေးဘဲ ဂိုဒေါင်များမှာ သိုလှောင်ထားသော ကြက်သွန်များကိုသာ ရောင်းချနေကြရခြင်းဖြစ်ကြောင်း မုံရွာမြို့ပေါ်ရှိ ကြက်သွန်ပွဲရုံပိုင်ရှင်တစ်ဦး ထံမှသိရသည်။ Source: https://commerce.gov.mm

Source:https://myantrade.gov.mm/article/naypyitaw_29092023_933

## မအူပင်မြို့နယ်တွင် ငရုတ်သီးအခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ ထိ ဈေးကောင်းရရှိ

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ငရုတ်သီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း မအူပင်မြို့နယ် စားသောက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် တစ်ဦးထံမှ သိရသည်။

မအူပင်မြို့နယ်တွင် ပြီးခဲ့သည့် ဇူလိုင်လနှင့် ဩဂုတ်လက ငရုတ်သီးအခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ထိ သာဈေးရှိခဲ့ပြီး စက်တင်ဘာလ ၁ ရက်နေ့မှ ၃၀ ရက်နေ့ထိ ငရုတ်သီးအခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါဒေသတွင် ဈေးကောင်းရရှိလာသည့် ငရုတ်သီးအခြောက်များသည် နွေငရုတ်သီးအခြောက် လက်ကျန်များဖြစ်ကြောင်း သိရသည်။

“အရင်လတွေကနဲ့စာရင် အခုလအတွင်း ငရုတ်သီးအခြောက်ဈေးက တော်တော်တက်လာပါတယ်။ လက်ရှိတစ်ပိဿာ ကို ငွေကျပ် ၁၇၅၀၀ လောက်ထိ ဈေးကောင်းရရှိလာပါတယ်။ လက်ရှိအရောင်းအဝယ်ကောင်းနေတဲ့အပြင် ဈေးကောင်းပါ ရရှိလာတာပါ။ လက်ရှိဒေသမှာ နွေငရုတ်သီးအခြောက် လက်ကျန်တွေပဲ အရောင်းအဝယ်ဖြစ်နေတာပါ။ အခုဒေသမှာ ငရုတ်သီးစိမ်းတွေလဲ ထွက်ရှိနေတယ်။ လက်ရှိငရုတ်သီးစိမ်း ဈေးကောင်းနေသလို အထွက်နှုန်းကလဲ ကောင်းနေပါတယ်။ အရောင်းအဝယ်ကလဲ သွက်နေပါတယ်။ ဒီနှစ် ငရုတ်စိုက်တောင်သူတွေ အဆင်ပြေနေတာတွေ့ရပါတယ်” ဟု မအူပင်မြို့နယ် စားသောက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် တစ်ဦး၏ ပြောပြချက်အရ သိရသည်။

မအူပင်မြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ငရုတ်သီးစိုက်ပျိုးသည့်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါဒေသတွင် တောင်သူတစ်ဦးလျှင် ငရုတ်တစ်ဧကမှ ငါးဧကထိစိုက်ပျိုးကြကြောင်း သိရသည်။

Source: ရတနာပုံသတင်းစာ၊

Source: https://myantrade.gov.mm/article/naypyitaw_02102023_1254

## ၂၀၂၃-၂၀၂၄ စိုက်ပျိုးရာသီတွင် ထိုင်းဆန် စိုက်ပျိုးထုတ်လုပ်မှု ကျဆင်းသွားနိုင်ဖွယ်ရှိ

ထိုင်းနိုင်ငံ၊ စိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာန၊ စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးရုံး၏ ခန့်မှန်းထားချက်အရ အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်များကြောင့် ၂၀၂၃-၂၀၂၄ စိုက်ပျိုးရာသီတွင် စပါးတန် ချိန် ၈၇၁,၀၀၀ ခန့် ကျဆင်းနိုင်ဖွယ်ရှိပြီး တန်ချိန် ၂၅ ဒသမ ၈ သန်းသာ ထွက်ရှိနိုင်ကြောင်း၊ ဧက ၆၂ ဒသမ ၄ သန်း စိုက်ပျိုးပါကြောင်း၊ ယခင်နှစ်အောက် ၆၀၂,၀၀၀ ဧက လျော့နည်းစိုက်ပျိုးကြောင်း၊ ရိတ်သိမ်းရေိယာမှာ ဧက ၅၉ ဒသမ ၆ သန်းခန့်ဖြစ်ကြောင်း စိုက်ပျိုးရေးဆိုင်ရာစီးပွားရေး ဦးစီးဌာန၏ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ Mrs. Tantita Bunyamaneekul က ပြောကြားခဲ့သည်။

စိုက်ပျိုးဧရိယာကျဆင်းရခြင်းမှာ ရာသီဥတုအခြေအနေပြောင်းလဲလာမှုကြောင့် မိုးရွာသွန်းမှုနည်းပါးလာခြင်းကြောင့် ဖြစ်ကြောင်း၊ ယခုနှစ်တွင်လည်း မိုးရွာသွန်းမှုနည်းပါးနိုင်မည်ဟု မိုးလေဝသဦးစီးဌာနက ခန့်မှန်းထားကြောင်း၊ ဇွန်လလယ်မှ ဇူလိုင်လလယ်ထိ မိုးရွာသွန်းမှုနည်းပါးပါကြောင်း၊ အထူးသဖြင့် ရေသွင်းမစိုက်ပျိုးသော ခြောက်သွေ့သောဒေသများတွင် ဖြစ်ကြောင်း၊ အချို့လယ်သမားများက ၎င်းတို့လယ်သမားများကို လွှတ်ထားခဲ့ကြပြီး အချို့က တစ်ကြိမ်သာ စိုက်ပျိုးကြပါကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

မိုးနည်းပါးမှုကြောင့် တစ်ဧက အထွက်နှုန်းလျော့နည်းသကဲ့သို့ ရောဂါနှင့်အိမ်မွေးတိရစ္ဆာန်များ၏ ဖျက်ဆီးမှုကြောင့် လည်း အထွက်နှုန်းလျော့နည်းနိုင်ပါကြောင်း၊ စပါးဈေးနှုန်းများသည် ၂၀၂၂ ခုနှစ်မှ စ၍ မြင့်တက်လျက်ရှိကြောင်း၊ ယခုနှစ် ပထမ ၉ လအတွင်း ထိုင်း Hom mali စပါး တစ်တန်လျှင် ၁၄,၂၂၆ ဘတ် ဖြစ်ကြောင်း၊ အစိုဓာတ် ၁၅ ရာခိုင်နှုန်းပါ စပါး တစ်တန်လျှင် ပျမ်းမျှ ၁၀,၄၉၉ ဘတ်နှင့် ကောက်ညှင်းစပါး တစ်တန် လျှင် ပျမ်းမျှ ၁၁,၆၅၇ ဘတ် ဖြစ်ကြောင်း သိရှိရသည်။

ယခုနှစ် ပထမ ၇ လအတွင်း ဆန်တင်ပို့နိုင်မှု ပမာဏနှင့် တန်ဖိုးမြင့်တက်ခဲ့ပါကြောင်း၊ အယ်လ်နီညိုရာသီဥတုဖြစ်စဉ် များကြောင့် ပြည်တွင်းဆန်ဈေးနှုန်းများသည်လည်း မြင့်တက်လာနိုင်ကြောင်း၊ ထို့ပြင် တရုတ်တွင် ဆန်ထုတ်လုပ်မှု လျော့ချခဲ့ ခြင်းနှင့် ကမ္ဘာ့ဆန်တင်ပို့မှုအများဆုံးဖြစ်သည့် အိန္ဒိယ၏ တင်ပို့မှုပိတ်ပင်လိုက်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံအတွက် ဆန်ပိုမိုတင်ပို့ နိုင်သည့် အခွင့်အလမ်းများဖြစ်လာနိုင်ပါကြောင်း Mrs. Tantita က ဖြည့်စွက်ပြောကြားခဲ့သည်။

Source: https://myantrade.gov.mm/article/Naypyitawstp_260920231234

## ဖိလစ်ပိုင်သမ္မတမားကိုစ်မှ ဆန်တင်သွင်းမှုအပေါ်ကောက်ခံနေသည့် အကောက်ခွန်နှုန်းအား ယာယီလျှော့ချပေးရန် တင်ပြချက်အပေါ် သဘောမတူပယ်ချ

ဈေးကွက်တွင်းဆန်ဈေးနှုန်းများ ကြီးမြင့်စေခြင်းကြောင့် ဆန်တင်သွင်းမှုအပေါ် ကောက်ခံနေသည့် အကောက်ခွန်နှုန်း အား ယာယီလျှော့ချပေးရန် အဆိုပြုတင်ပြချက်အပေါ် သမ္မတမားကိုစ်မှ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့က သဘော မတူပယ်ချခဲ့ကြောင်းဖော်ပြထားသည်။ ယခုအခြေအနေသည် အကောက်ခွန်နှုန်းအား လျှော့ချပေးရန် သင့်တော်မှုရှိသည့် အချိန် အခါမဟုတ်သေးဟု တွက်ချက်ယူဆသဖြင့် အစိုးရအနေဖြင့် လျှော့ချပေးမည့် အစီအစဉ်မရှိသေးပါကြောင်းနှင့် ကမ္ဘာ့ဆန် ဈေးနှုန်းသည် ပြန်လည်ကျဆင်းနိုင်ကြောင်းကိုလည်း ခန့်မှန်းပါကြောင်း ပြောကြားခဲ့သည်။

အချို့သော ဆန်တောင်သူအုပ်စုမှ ဆန်အပေါ်ကောက်ခံသည့် အကောက်ခွန်နှုန်းထားလျှော့ချပေးခြင်း၏ ဆိုးကျိုးများ ကိုဆွေးနွေးတင်ပြခဲ့ပါကြောင်း၊ ဆန်တင်သွင်းသူအများစုမှာမူ ၎င်းတို့အနေဖြင့် ဆန်ဈေးနှုန်းအား လျှော့ချသတ်မှတ်ထားပြီးဖြစ် သဖြင့် အကောက်ခွန်နှုန်းလျှော့ချပေးရန် အဆိုပြုချက်အပေါ် ရပ်တည်ပြောကြားခဲ့ကြပါကြောင်း၊ ဆန်တောင်သူများအနေဖြင့် ဆန်စိုက်ပျိုးထုတ်လုပ်မှု တိုးချဲ့ခြင်းမှာ အကျိုးတစ်စုံတစ်ရာ ဖြစ်ပေါ်လာနိုင်မည်မဟုတ်ဘဲ စပါးဈေးနှုန်းများကို ပိုမိုကျဆင်းစေ မည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ဖိလစ်ပိုင်အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီမှလည်း အစောပိုင်းကာလများက ဆန်တင်သွင်းမှုအပေါ် ကောက်ခံသည့် အကောက်ခွန်နှုန်းထားအားလျှော့ချပေးခြင်းသည် ဈေးကွက်တွင်းဆန်ဈေးနှုန်းကြီးမြင့်နေခြင်းကို ထိရောက်စွာ အကျိုးသက်ရောက်မှုရှိစေနိုင်သဖြင့် လျှော့ချပေးရန် ထောက်ခံတင်ပြခဲ့ကြောင်း၊ အစိုးရမှထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ အမှတ် ၃၉ အရ ဈေးကွက်တွင်းရောင်းချရမည့် အမြင့်ဆုံးဈေးနှုန်း သတ်မှတ်ချက်ကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန် ဦးတည်ပါကြောင်း ဖော်ပြပါရှိသည်။

သို့သော် ဖိလစ်ပိုင်အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနှင့် စိုက်ပျိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ယခုအခါ ကမ္ဘာ့ဈေးကွက်တွင် ဆန်ဈေးနှုန်းမှာ အကျဘက်သို့ ရောက်ရှိလာခဲ့သဖြင့် ယခုအခြေအနေတွင် အကောက်ခွန်နှုန်း လျှော့ချပေးရန် သင့်တော်သည့်အချိန်မဟုတ်သေးပါကြောင်း ပြောကြားခဲ့သည်။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့က

စတင်ကျင့်သုံးစေခဲ့သည့် ဈေးကွက်အတွင်း ရောင်းချရမည့် အမြင့်ဆုံး ဈေးနှုန်းသတ်မှတ်ချက် အမိန့်ကြော်ငြာစာအမှတ် ၃၉ နှင့် စပ်လျဉ်း၍ ထပ်မံဖြစ်ပေါ်လာနိုင်သည့် အကျိုးသက်ရောက်မှုများအား ဂရုတစိုက်လေ့လာသွားရန်လိုအပ်ကြောင်း သမ္မတမားကို့စ်မှ ပြောကြားခဲ့သည်။

ထို့ပြင် သမ္မတမားကို့စ်မှ ဖိလစ်ပိုင်လူမှုဖူလုံရေးဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ ၃၉ ကြောင့် ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်ခဲ့ရသည့် ဆန်လက်လီအရောင်းဆိုင်များအား ငွေသားပီဆို ၁၅,၀၀၀ စီ ထောက်ပံ့ပေးသွားရန်နှင့် pantawid Pamilyang Pilipino Program (4Ps) အရ ဆန်များ ဖြန့်ဝေပေးသွားရန်ကို ညွှန်ကြားခဲ့ကြောင်းလည်း ဖော်ပြပါရှိသည်။

Source; https://pco.gov.ph/news_releases/pbbm-thumbs-down-proposed-rice-tariff-reduction/

(ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ ဖိလစ်ပိုင်)

Source:https://myantrade.gov.mm/article/Naypyitawstp_270920230107

## ပဲနီလေး ကုန်သွယ်မှုအပေါ် ကနေဒါမှ ထိုးနှက်ခြင်းမရှိသကဲ့သို့ အိန္ဒိယအနေဖြင့်လည်း ပြည်တွင်းလိုအပ်ချက်အတွက် အလုံအလောက်ရှိ

ခါလစ်စတန်ခွဲထွက်ရေးခေါင်းဆောင် Hardeep Singh Nijjar ကိုသတ်ဖြတ်မှုနှင့်ဆက်နွှယ်၍ သံတမန်ရေးရာတင်းမာမှုများကြောင့် ကနေဒါနှင့် အိန္ဒိယနိုင်ငံအကြား အဓိကကုန်စည်တစ်ခုဖြစ်သော ပဲနီလေး(masur dal)အပေါ် သက်ရောက်မှုများ ရှိလာနိုင်သည်ဟူသောထင်ကြေးပေးမှုများ မကြာသေးမီက ဖြစ်ပေါ်လာခဲ့သည်ဟု The Economic Times သတင်းစာတွင် ဖော်ပြထားသည်။

စက်တင်ဘာလ ၂၄ ရက်နေ့က ဖြန့်ဝေသည့် Times of India(ToI)သတင်းစာ၏ အစီရင်ခံစာအရ အိန္ဒိယအစိုးရသည် ပဲနီလေးတင်သွင်းမှုနှင့်ပတ်သက်ပြီး ယခုအချိန်အထိ အဆင်ပြေကြောင်းနှင့် လက်ရှိသံတမန် ဆက်ဆံရေးတင်းမာမှု ကာလအတွင်း အိန္ဒိယဆိပ်ကမ်းများသို့ တန်ချိန်တစ်သိန်းနီးပါး ရောက်ရှိလာခဲ့သည်ဟု အရာရှိများ၏ပြောကြားချက်ကို ကိုးကား၍ ToI က ဖော်ပြထားကြောင်းသိရသည်။

အိန္ဒိယနိုင်ငံသည် နှစ်စဉ်ပဲနီလေးတန်ချိန် ၂၃ သိန်းစားသုံးမှုရှိသော်လည်း ပြည်တွင်းထုတ်လုပ်မှုမှာ တန်ချိန် ၁၆ သိန်း ဝန်းကျင်သာရှိကြောင်း၊ သို့ရာတွင် တန်ချိန်ခြောက်သိန်းနီးပါးမှာ တင်သွင်းထားပြီးဖြစ်သဖြင့် ပြဿနာတစ်စုံတစ်ရာမရှိနိုင်သည်ကို ယုံကြည်သည်ဟု တာဝန်ရှိသူ တစ်ဦးက ToI သို့ ပြောကြားထားကြောင်း၊ ထို့ပြင် အဆိုပါအရာရှိက အစိုးရသည် ပဲနီလေးကို ၂၀၂၄ ခုနှစ်၊ မတ်လနောက်ပိုင်းထိ တင်သွင်းမှုအား အကောက်ခွန်မဲ့ဆက်လက်ထားရှိဖွယ်ရှိကြောင်း ပြည်ပမှ စိုက်ပျိုးသူများအား အရိပ်အမြွက်ပြောကြားခဲ့ကြောင်း သိရသည်။

အစိုးရအချက်အလက်များအရ ၂၀၂၂-၂၀၂၃ ရာသီချိန်တွင် အိန္ဒိယသည် ကနေဒါနိုင်ငံမှ ရူပီး ၃၀,၁၂၀ သန်းတန်ဖိုးရှိ ပဲနီလေးတန်ချိန် ၄ ဒသမ ၈၅ သိန်းတင်သွင်းခဲ့ပြီး ယခုနှစ် ဧပြီလမှ ဇွန်လအတွင်း တန်ချိန် တစ်သိန်းနီးပါး တင်သွင်းခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ပဲနီလေးကို ဩစတြေးလျမှ တင်သွင်းမှုသည်လည်း တန်ချိန် နှစ်သိန်းနီးပါးအထိ မြင့်တက်လာသကဲ့သို့ ရုရှားနိုင်ငံမှလည်း ပဲနီလေးများကို တင်သွင်းမှုများရှိခဲ့ကြောင်း၊ ရုရှားမှ ပဲနီလေး တင်သွင်းမှုမှာအဆင်ပြေခဲ့သော်လည်း အပင်ပိုးမွှားရောဂါကင်းရှင်းမှုဆိုင်ရာကိစ္စရပ်များနှင့် ကုန်ကျစရိတ် ကြီးမြင့်မှုများကြောင့် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင် ရပ်နားခဲ့ကြောင်းသိရသည်။ ထို့ကြောင့် အိန္ဒိယသည် ပြည်တွင်းဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပဲနီလေး ထွက်ရှိသည့်နိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက် လျက်ရှိကြောင်းသိရသည်။

ထို့ပြင် အိန္ဒိယသည် မကြာသေးမီနှစ်များအတွင်း ပြည်တွင်းပဲမျိုးစုံထွက်ရှိမှုမြင့်တက်လာပြီး ကုလားပဲ ကဲ့သို့သော အစားထိုးပဲမျိုးစုံကို စားသုံးရန် ပြည်သူများအား လှုံ့ဆော်ပေးသည့် လှုပ်ရှားမှုများပြုလုပ်ခဲ့ကြောင်း သိရသဖြင့် ကနေဒါနိုင်ငံနှင့်သံတမန်ဆက်ဆံရေးတင်းမာမှုများကြောင့် အိန္ဒိယပြည်တွင်း ပဲနီလေးဈေးကွက်တွင် ထင်မြင်ချက်အမျိုးမျိုးဖြစ်ပေါ်နေမှုတို့အား တင်ပြလိုက်ရသည်။

Source: No Canada hit on masur dal supply, but India plays safe, The Economic Times, 24 September 2023.

(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_26092023_10:35

## ကင်ညာနိုင်ငံမှ ထောပတ်သီးတင်သင်္ဘော အိန္ဒိယနိုင်ငံ မွန်ဘိုင်းသို့ ပထမဆုံးရောက်ရှိ

ကင်ညာနိုင်ငံသည် ရှစ်နှစ်ကြာဆွေးနွေးညှိနှိုင်းမှုများအပြီးတွင် အိန္ဒိယနိုင်ငံသို့ ၎င်း၏ပထမဆုံးသော ထောပတ်သီးတင်ပို့မှုကို အောင်မြင်စွာတင်ပို့နိုင်ခဲ့သည်။ ဤကဲ့သို့"ထိခိုက်လွယ်ပြီး သက်တမ်းတိုတောင်းသော" စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းကို ကင်ညာမှအိန္ဒိယသို့ ပထမဦးဆုံးအကြိမ်တင်ပို့ခွင့်ရခြင်းဖြစ်သည်။ ကင်ညာသည် ကမ္ဘာ့ဆဋ္ဌမမြောက် ထောပတ်သီးအများဆုံးထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး ထုတ်လုပ်မှု၏ ၂၃ ရာခိုင်နှုန်းခန့်ကို နိုင်ငံအသီးသီးသို့ တင်ပို့လျက်ရှိသည်။

ကင်ညာနိုင်ငံသည် ယခုလအတွင်း အိန္ဒိယနိုင်ငံသို့ ထောပတ်သီးတင်ပို့မှုကို စတင်ခဲ့ပြီး ပထမဆုံးတင်ပို့မှု ရောက်ရှိနေပြီဖြစ်သည်။ ပထမဆုံးသင်္ဘောတင်ပို့မှုမှာ မွန်ဘိုင်းကိုရောက်ရှိနေပြီဖြစ်ပြီး ထောပတ်သီးတန်ချိန် အမြောက်အမြားပါရှိကြောင်း အိန္ဒိယဆိုင်ရာ ကင်ညာဒုတိယမဟာမင်းကြီး Irene Oloo က PTI သတင်းဌာနသို့ မိတ်ဆက်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

ဤသည်မှာ အာဖရိကရှိနိုင်ငံတစ်ခုမှ အိန္ဒိယနိုင်ငံသို့ တင်ပို့ရန်ခွင့်ပြုချက်ရရှိထားသော ပထမဆုံး “ထိခိုက်လွယ်ပြီး သက်တမ်းတိုတောင်းသော" စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းအမျိုးအစားဖြစ်ပြီး ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့တွင် စတင်ခွင့်ပြုချက်ရရှိခဲ့ပြီး ရှစ်နှစ်ကြာညှိနှိုင်းမှုများပြုလုပ်ခဲ့ရကြောင်း သူမက ပြောကြားခဲ့သည်။

ကင်ညာသည် အိန္ဒိယသို့ထောပတ်သီးများထက် သက်တမ်းပိုရှည်သော လက်ဖက်ခြောက်နှင့် ကော်ဖီများအား တင်ပို့လျက်ရှိပြီး ထောပတ်သီးများအား တင်ပို့နိုင်ရန် အိန္ဒိယနိုင်ငံရဲ့ တင်းကျပ်တဲ့ အရည်အသွေး စံချိန်စံနှုန်းတွေနဲ့ကိုက်ညီဖို့ လိုအပ်သည့်အတွက် တင်ပို့ရန်ခွင့်ပြုချက်ကိုရရှိရန် ကာလအတော်ကြာ ညှိနှိုင်းခဲ့ရကြောင်း သူမက ဆက်လက်ပြောကြားခဲ့သည်။

ဤတင်ပို့မှုမှသည် အခြားသစ်သီးများ၊ ပန်းများနှင့် ဟင်းသီးဟင်းရွက်မျိုးစုံကို ဆက်လက်တင်ပို့နိုင်စေရန်အတွက် အထောက်အကူပြုစေမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။ ကင်ညာ၏ ထောပတ်သီးတင်သွင်းမှု စတင်ခြင်းသည် နှစ်နိုင်ငံကြားကုန်သွယ်မှု မညီမျှမှုကိုနည်းပါးစေရန်အတွက် အထောက်အကူဖြစ်စေမည်ဟု Oloo ကမျှော်လင့်ထားသည်။

၂၀၂၂ ခုနှစ်တွင် အိန္ဒိယမှကင်ညာသို့တင်ပို့မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၆ ဘီလီယံရှိပြီး အိန္ဒိယသို့ ကင်ညာမှတင်သွင်းမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၂၁ သန်းရှိကြောင်း သူမက ပြောကြားခဲ့သည်။ အခမ်းအနားသို့ အိန္ဒိယနိုင်ငံမှ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယအတွင်းဝန် Swadha Rizvi လည်း တက်ရောက်ခဲ့သည်။

ကင်ညာသည် ကမ္ဘာ့ဆဋ္ဌမမြောက် ထောပတ်သီးအများဆုံးထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး စိုက်ပျိုးဧရိယာဟက်တာ ၂၆,၀၀၀ နီးပါးနှင့် ၂၀၂၁ ခုနှစ်တွင် တန်ချိန် ၄၁၆,၀၀၀ ထုတ်လုပ်မှုရှိပြီး ၂၀၁၆ ခုနှစ်ထက် နှစ်ဆထုတ်လုပ်နိုင်ခဲ့သည်။

ကင်ညာနိုင်ငံသည် နယ်သာလန်၊ အမေရိကန်၊ တရုတ်၊ စပိန်၊ ယူကေ၊ ယူအေအီး၊ ရုရှား၊ ဆော်ဒီအာရေဗျ၊ တူရကီနှင့် အီဂျစ်နိုင်ငံများသို့ ထောပတ်သီးထုတ်လုပ်မှု၏ ၂၃ ရာခိုင်နှုန်းခန့်ကို တင်ပို့လျက်ရှိသည်။

သုံးသပ်တင်ပြချက်

oec.world ၏ ၂၀၂၁ ခုနှစ်အတွက် ထုတ်ပြန်သည့်ကုန်သွယ်မှုအချက်အလက်များအရ ယူအေအီးနိုင်ငံသို့ အပူပိုင်းဒေသသစ်သီးဝလံများကို အဓိကတင်သွင်းလျက်ရှိသောနိုင်ငံ(၅)နိုင်ငံဖြစ်သည့် ဆော်ဒီအာရေဗျ (အမေရိကန်ဒေါ်လာ ၈၈ ဒသမ ၁ သန်း)၊ ပါကစ္စတန်(အမေရိကန်ဒေါ်လာ ၄၅ ဒသမ ၃ သန်း)၊ ကင်ညာ (အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၂ သန်း)၊ အိန္ဒိယ (အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၉ သန်း)နှင့် အီရတ်(အမေရိကန် ဒေါ်လာ ၁၈ ဒသမ ၄၁ သန်း)တို့အနက် အာဖရိကနိုင်ငံတစ်ခုဖြစ်သည့် ကင်ညာနိုင်ငံမှ အာရှတိုက်သို့ ထောပတ်သီးဈေးကွက်ချဲ့ထွင်ရာတွင် အိန္ဒိယနိုင်ငံသို့ ပထမဆုံးဈေးကွက်ထိုးဖောက်လာခြင်းဖြစ်ရာ အလားတူ"ထိခိုက်လွယ်ပြီး သက်တမ်းတိုတောင်းသော" စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများဖြစ်သည့် အခြားသစ်သီးဝလံများ၊ ပန်းအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်မျိုးစုံတို့ကိုပါ အာရှဈေးကွက်သို့ ပိုမိုချဲ့ထွင်လာနိုင်သည့် အနေအထားတွင် ရောက်ရှိနေသည်ကို တွေ့မြင်ရသည်။ ထိုကဲ့သို့ "ထိခိုက်လွယ်ပြီး သက်တမ်းတိုတောင်းသော" စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကို ဈေးကွက်ချဲ့ထွင်ရာတွင် ဖောက်သည်များ၏ယုံကြည်မှုကိုရရှိစေရန်အတွက် အဆိုပါနိုင်ငံ၏ တင်းကျပ်သောအရည်အသွေးစံချိန်စံနှုန်းများအား ကိုက်ညီစေရန် နှစ်ကာလရှည်ကြာစွာ ညှိနှိုင်းမှုများဆောင်ရွက်ခဲ့ရသကဲ့သို့ အခြားတစ်ဘက်တွင်လည်း ၎င်းတို့၏ ကုန်ပစ္စည်းအရည်အသွေးကောင်းမွန်စေရန်နှင့် ထုပ်ပိုးသိမ်းဆည်းပို့ဆောင်မှုများတွင် နိုင်ငံတကာအဆင့်မီ စီမံဆောင်ရွက်ခဲ့ရသည့်အနေအထားများရှိမည်ကို သုံးသပ်မိပါသည်။

နိုင်ငံတော်အနေဖြင့်အဆိုပါထောပတ်သီးကဲ့သို့ "ထိခိုက်လွယ်ပြီး သက်တမ်းတိုတောင်းသော" စိုက်ပျိုးရေး ထွက်ကုန်ပစ္စည်းများကို ဈေးကွက်ချဲ့ထွင်ရာတွင်လည်း ၎င်းတို့ကဲ့သို့ ဈေးကွက်သတ်မှတ်ချိတ်ဆက်ပြီး နိုင်ငံတကာအဆင့်မီ စံချိန်စံနှုန်းများဖြင့် စီမံဆောင်ရွက်သွားမည်ဆိုပါက အပူပိုင်းဒေသသစ်သီးဝလံများသာမက မုတ်သုံရာသီသစ်သီးဝလံများ၊ သဘာဝစိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများနှင့် ပန်းအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်မျိုးစုံတို့ကိုပါ ဈေးကွက်ချဲ့ထွင်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ အရင်းအမြစ် – economictimes.indiatimes.com, oec.world

(ဦးနန္ဒာစိုးမြင့်၊ စီးပွားရေးသံမှူး၊ ဒူဘိုင်းမြို့)
Source: https://myantrade.gov.mm/article/STP(Ygn)_26092023_12:58

## အိန္ဒိယနိုင်ငံ၊ ကုန်သွယ်မှုကုစားရေး ညွှန်ကြားရေးမှူးရုံး (DGTR)သည် ဈေးပေါသော သွင်းကုန်ပစ္စည်းများကြောင့် ပြည်တွင်း MSME လုပ်ငန်းများကို ကာကွယ်ရန်အတွက် တရုတ်ကုန်ပစ္စည်း ၃ မျိုးကို စွန့်ပစ်ပစ္စည်းများအဖြစ် စွပ်စွဲ၍ စုံစမ်းစစ်ဆေးမှုများဆောင်ရွက်

အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စုံစမ်းစစ်ဆေးရေးဌာနတစ်ခုဖြစ်သော ကုန်သွယ်မှု ကုစားရေး ညွှန်ကြားရေးမှူးရုံး(Directorate General of Trade Remedies-DGTR)သည် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်များအတွက် ဈေးပေါသောသွင်းကုန်များဝင်ရောက်မှုမှ ကာကွယ်ရန် တရုတ်ကုမ္ပဏီများက တင်သွင်းလာသည့် ဘောင်မပါသောမှန်များနှင့် မူလီခေါင်း(fastners)များအပါအဝင် ကုန်ပစ္စည်းသုံးမျိုးကို စုပုံတင်ပို့ခြင်း(dumping)အား စုံစမ်းစစ်ဆေးမှုများ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း၊ ပုံမှန်အားဖြင့် စုပုံတင်ပို့မှုများကို တိုက်ဖျက်ခြင်း(anti-dumping)ကို ပြည်တွင်းထုတ်လုပ်သူများ၏တိုင်ကြားစာပေါ်တွင်အခြေခံ၍ စတင်လုပ်ဆောင်လေ့ရှိသော်လည်း စုံစမ်းစစ်ဆေးမှုတွင်ပါဝင်သည့်သူများမှာ လုပ်ထုံးလုပ်နည်းများ ကျွမ်းကျင်မှုမရှိသည့်အတွက် ကုန်သွယ်မှုကုစားရေးညွှန်ကြားရေးမှူးရုံး(DGTR)မှ ဦးဆောင်၍ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားသည်။

ကုန်သွယ်ရေးဆိုင်ရာ သီးခြားသတိပေးကြေညာချက် ၃ စောင်အရ DGTR သည် ပရိဘောဂပစ္စည်းများတွင် အသုံးပြုသည့် Telescopic Channel Drawer များ၊ ဘောင်မပါသည့်မှန်ချပ်များနှင့် မူလီခေါင်းများ စုပုံတင်ပို့ခြင်းတို့ကို စုံစမ်းစစ်ဆေးနေကြောင်းနှင့် အဆိုပါစုံစမ်းစစ်ဆေးမှုသည် တရုတ်နိုင်ငံမှ စုပုံတင်သွင်းသည့် ကုန်ပစ္စည်းများကြောင့် MSME ထုတ်လုပ်သူများအတွက် လိုအပ်သောအကာအကွယ်များပေးအပ်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ယခုလုပ်ဆောင်ချက်သည် ၂၀၁၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံမှ တင်သွင်းသည့် ဘက်ထရီခြောက်များအပေါ်တွင် အခွန်များ ၅ နှစ် ကောက်ခံပြီးနောက် ပထမဆုံးအကြိမ် ပြန်လည်ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် ကုန်စည်များစုပုံတင်ပို့ခြင်းအပေါ် တန်ပြန်ဆောင်ရွက်နိုင်ရန် အိန္ဒိယနိုင်ငံ၏ လေ့လာစောင့်ကြည့်ရေးအဖွဲ့မှ တရုတ်နိုင်ငံအပေါ် ပထမဦးဆုံးဆောင်ရွက်ချက်လည်းဖြစ်သည်ဟု အဆင့်မြင့်အရာရှိကြီးတစ်ဦးက ပြောကြားထားကြောင်း သိရသည်။

အဆိုပါထုတ်ကုန်သုံးမျိုးအားထုတ်လုပ်သည့် အိန္ဒိယလုပ်ငန်းရှင်များသည် ဈေးနှုန်းမမျှတသော တရုတ်သွင်းကုန်များ၏ ပြင်းထန်သောပြိုင်ဆိုင်မှုများနှင့် ရင်ဆိုင်နေရကြောင်း၊ ထုတ်ပြန်ကြေညာချက်တစ်ခုတွင် ဖော်ပြထားမှုအရ တရုတ်နိုင်ငံမှ စုပုံတင်ပို့မှုများသိသိသာသာတိုးလာခြင်းကြောင့် အိန္ဒိယ၏ Telescopic Channel Drawer ထုတ်လုပ်မှု သိသိသာသာကျဆင်းသွားသည်ဟု Highhope Furniture Fittings Manufacturers Associates Pvt Ltd အပါအဝင် ယင်းပစ္စည်းထုတ်လုပ်သူ ၂၅ ဦး ပါဝင်သည့်တိုင်ကြားစာကို လက်ခံရရှိထားကြောင်းနှင့် ယင်းသွင်းကုန်တန်ဖိုးပမာဏစုစုပေါင်းမှာ အိန္ဒိယရူပီး ၃၅၆၀ သန်းခန့်ရှိကြောင်း သိရသည်။

ထို့ပြင် ဘောင်မပါသောမှန်များအတွက် All India Mirror ထုတ်လုပ်သူများအသင်းမှ ကိုယ်စားပြုမှု တိုင်ကြားစာကို လက်ခံရရှိခဲ့ပါကြောင်း၊ ဘောင်မပါသောမှန်များကို အများဆုံးထုတ်လုပ်သူမှာ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများဖြစ်ပြီး တရုတ်နိုင်ငံမှ အမြောက်အမြား စုပုံတင်သွင်းမှုများကြောင့် ယှဉ်ပြိုင်ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် အချို့သော ထုတ်လုပ်မှုများကို ပိတ်သိမ်းထားပြီးဖြစ်ကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ယင်းပစ္စည်းအတွက် အိန္ဒိယနိုင်ငံ၏ လိုအပ်ချက်မှာ ၁၁၀ ဒသမ ၉၀၄ မက်ထရစ်တန်ခန့်ရှိပြီး တရုတ်နိုင်ငံမှ တင်သွင်းမှုမှာ ၈၀,၁၇၈ မက်ထရစ်တန်ရှိသဖြင့် အိန္ဒိယ ဝယ်လိုအား၏ ၇၂ ရာခိုင်နှုန်းနီးပါး၊ တန်ဖိုးအားဖြင့် ရူပီး ၁,၈၃၀ သန်းဖြစ်ကြောင်း သိရသည်။

အလားတူ Apt Tools & Machinery ကုမ္ပဏီနှင့် Northern Screw Association တို့က တရုတ်နိုင်ငံမှ တင်သွင်းလာသော မူလီခေါင်းများ၊ တံခါးချက်များ၊ ဝက်အူများအပေါ် စုပုံတင်သွင်းအပေါ် တန်ပြန်ကောက်ခံသည့် အခွန်စနစ်ကျင့်သုံးပေးရန် DGTR သို့တောင်းဆိုထားပါကြောင်း၊ အဆိုပါမူလီခေါင်းများ၊ တံခါးချက်များ တင်သွင်းမှုသည် ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ်တွင် ရူပီး ၁,၃၇၀ သန်းရှိခဲ့ကြောင်း၊ ယင်းကုန်ပစ္စည်း ထုတ်လုပ်သည့် SME လုပ်ငန်းများမှာ ၁၇၉ ခု ဝန်းကျင်ခန့်ရှိပြီး လူပေါင်း ၁၅,၀၀၀ ကျော်ကို အလုပ်အကိုင် ရရှိစေရေးအတွက် ရင်းနှီးမြှုပ်နှံမှု ရူပီး ၁၂,၀၀၀ သန်းကျော်ရှိကြောင်း၊ ယင်းထုတ်ကုန်အတွက် ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ်တွင် တရုတ်နိုင်ငံမှတင်သွင်းမှုသည် ၁၆,၁၆၈ မက်ထရစ်တန်ခန့်ရှိခဲ့ ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အိန္ဒိယသည် တရုတ်နိုင်ငံမှကုန်ပစ္စည်းကို ဒေါ်လာ ၁၀၀ ဘီလီယံနီးပါး တင်သွင်းခဲ့ပါကြောင်းနှင့် အိန္ဒိယအနေဖြင့်တရုတ်နှင့်ကုန်သွယ်မှုဆောင်ရွက်ရာတွင် ထိုဘဏ္ဍာနှစ်တွင်လိုငွေအမေရိကန်ဒေါ်လာ ၈၃ ဘီလီယံ ရှိခဲ့ကြောင်းလည်းသိရသည်။

ဖရိုဖရဲဖြစ်နေသော လုပ်ငန်းများကို အကူအညီပေးရန်နှင့် Anti-dumping နှင့် countervailing ကဲ့သို့သော ကုန်သွယ်ရေးကုစားမှုဆိုင်ရာအခွင့် အလမ်းများကို အသုံးချစေနိုင်ရန်အတွက် အစောပိုင်းတွင် DGTR သည် သွင်းကုန်များ၏ တရားမျှတမှုမရှိသော ကုန်သွယ်မှုအလေ့အထများကို အကာအကွယ်ရယူရာတွင် ၎င်းတို့၏ ပူးပေါင်းပါဝင်မှုကို လွယ်ကူချောမွေ့စေရန် လုပ်ထုံးလုပ်နည်းလိုအပ်ချက်များကို ရိုးရှင်းအောင် လုပ်ဆောင်ခဲ့သည်။

ထိုသို့လုပ်ဆောင်မှုများကြောင့် ပြည်တွင်းကုန်ထုတ်လုပ်သူများ ယှဉ်ပြိုင်နိုင်မှုမြင့်မားလာစေခဲ့ကြောင်း၊ အဆိုပါ ထုတ်ကုန်များကို စုပုံတင်သွင်းခြင်းသည် ပြည်တွင်းလုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာစေသည်ဟု အခိုင်အမာသိရှိရပါက DGTR သည် ယင်းသွင်းကုန်များအပေါ် anti-dumping အခွန်များကျင့်သုံးဆောင်ရွက်နိုင်၊ အကြံပြုချက်များပေးနိုင်မည်ဖြစ်ပြီး နောက်ဆုံးဆုံးဖြတ်ချက်ကို ဘဏ္ဍာရေးဝန်ကြီးဌာန၊ တာဝန်ရှိသူများက ချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

ဈေးပေါသောသွင်းကုန်များမြင့်တက်လာခြင်းကြောင့် ပြည်တွင်းစက်မှုလုပ်ငန်းများ ထိခိုက်မှုရှိ/မရှိကို နိုင်ငံများက ဆုံးဖြတ်နိုင်ရန်အတွက် စုပုံတင်ပို့မှုတိုက်ဖျက်ရေးဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ကြကြောင်း၊ တန်ပြန် စီမံဆောင်ရွက်ချက်များအနေဖြင့် အခွန်စည်းကြပ်ခြင်းလုပ်ငန်းများကို ဂျီနီဗာအခြေစိုက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နိုင်ငံစုံကုန်သွယ်မှုစနစ် လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အဆိုပါအခွန်ကောက်ခံမှုမှာ မျှတသောကုန်သွယ်မှုအလေ့အကျင့်များ သေချာစေရန်နှင့် ပြည်တွင်းထုတ်လုပ်သူများနှင့် ပြည်ပထုတ်လုပ်သူများအကြား အခွင့်အလမ်းများတန်းတူ ရရှိစေရန် ရည်ရွယ် ခြင်း ဖြစ်ကြောင်း သိရှိရသည်။

အိန္ဒိယသည် တရုတ်နိုင်ငံအပါအဝင် နိုင်ငံအသီးသီးမှ ဈေးပေါသောသွင်းကုန်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ကုန်ပစ္စည်းအမျိုးအပြားအပေါ် စုပုံတင်သွင်းမှုတိုက်ဖျက်ရေးအခွန်ကို ချမှတ်ထားပြီးဖြစ်ကြောင်း The Economic Times သတင်းစာတွင်ဖော်ပြထားကြောင်းသိရှိရသည်။

Source: DGTR suo-motu probing alleged dumping of three Chinese goods: to protect MSMEs from cheap imports, The Economic Times, 24 September 2023. (မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_26092023_11:49

## ထိုင်းနိုင်ငံ၏ ပို့ကုန်ပမာဏတိုးမြှင့်နိုင်ရေးအတွက် ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား ဆွေးနွေးပွဲတစ်ရပ် ကျင်းပသွားရန်ရှိ

ထိုင်းနိုင်ငံ၏ စီးပွားရေးပြန်လည်ကောင်းမွန်စေရန်နှင့် ပို့ကုန်ကဏ္ဍတိုးမြှင့်စေရန်အတွက် ပုဂ္ဂလိကကဏ္ဍနှင့် ဆွေးနွေးပွဲတစ်ရပ်ကို စက်တင်ဘာလ ၂၇ ရက်နေ့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆွေးနွေးပွဲတွင် ပို့ကုန်အခြေအနေများကို ပြန်လည်သုံးသပ်၍ ကုန်သွယ်မှုမြှင့်တင်နိုင်မည့် အစီအမံများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဖြစ်သူ Mr. Phusit Ratanakul Sereroengrit က ပြောကြားခဲ့သည်။

ပုဂ္ဂလိကကဏ္ဍမှ ထိုင်းကုန်သည်ကြီးများအသင်း၊ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ပို့ကုန်လုပ်ငန်းများကောင်စီနှင့် စီးပွားရေးသံမှူးများပါဝင်မည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနကထုတ်ပြန်ထားသည့် ဇူလိုင်လအထိ ကုန်သွယ်မှုဆိုင်ရာ ကိန်းဂဏန်းများအရ ထိုင်းပို့ကုန်သည် ၁၀ လ ဆက်တိုက်ကျဆင်းနေပါကြောင်း၊ ယူကရိန်းပဋိပက္ခ၊ ငွေကြေးမူဝါဒ တင်းကြပ်မှုနှင့် ဘဏ္ဍာရေးအဖွဲ့အစည်းများ၏ ငွေချေးမှုပုံစံ တင်းကြပ်လာမှု၊ တရုတ်နိုင်ငံ၏ စီးပွားရေးကျဆင်းမှုကြောင့် နိုင်ငံတွင်းစားသုံးမှုကျဆင်းလာခြင်းစသည်တို့၏ သက်ရောက်မှုများကြောင့်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က သုံးသပ်ထားသည်။

ယခုနှစ် ပထမ ၇ လအတွင်း အကောက်ခွန်ရှင်းလင်းခဲ့သည့် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၁ ဘီလီယံနှင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၁ သန်းရှိခဲ့ပါကြောင်း၊ ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံဖြစ်ပေါ်ခဲ့ကြောင်း၊ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆၃ ဘီလီယံ နှင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇၂ ဘီလီယံ ရှိခဲ့သဖြင့် ကုန်သွယ်မှု လိုငွေ အမေရိကန် ဒေါ်လာ ၈ ဒသမ ၂၈ ဘီလီယံ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

ဝန်ကြီးဌာနက နှစ်စဉ်ခန့်မှန်းထားသော တိုးတက်မှုနှုန်း ၁-၂ ရာခိုင်နှုန်းသည် စိန်ခေါ်မှုတစ်ရပ် ဖြစ်နေပါကြောင်း၊ ယခုနှစ်၏ ကျန်လအတွင်း ထိုင်းစားသောက်ကုန်များ၏ ပို့ကုန်တိုးမြှင့်ရန် ရည်ရွယ်၍ ထိုင်းအစားအသောက်ထုတ်ကုန်များနှင့် စားသောက်ဆိုင်များကို အရောင်းမြှင့်တင်နိုင်ရေးအတွက် ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းအာဏာပိုင်နှင့် ထိုင်းလေကြောင်းလိုင်းတို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် မတ်လ ၆ ရက်နေ့မှ ၈ ရက်နေ့အထိ ထိုင်းကုန်သည်ကြီးများ

အသင်းနှင့် ဂျာမန်ကုန်စည်ပြပွဲစီစဉ်သူ Koelnmesse တို့ ပူးပေါင်း၍ THAIFEX-HOREC Asia 2024 ကို ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယင်းကုန်စည်ပြပွဲသည် ဟိုတယ်၊ အစားအသောက်နှင့် ကော်ဖီဆိုင်နယ်ပယ်အတွက် ပထမဆုံးကျင်းပသည့်ပွဲဖြစ်ပါကြောင်း၊ ဝန်ဆောင်မှုကဏ္ဍ တိုးတက်လာရန် မျှော်လင့်ပါကြောင်း Mr. Phusit က ပြောကြားခဲ့သည်။

Source: www.bangkokpost. gov၊ ( စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source:https://myantrade.gov.mm/article/Naypyitawstp_260920230149

## အရှေ့တောင်အာရှမှ အုန်းသီးများ တရုတ်ဈေးကွက်သို့ ပိုမိုဝင်ရောက်လာ

တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံမှ လတ်လတ်ဆတ်ဆတ် အုန်းသီးများကို တင်သွင်းခွင့်ပြုပြီး ရက်ပိုင်းအတွင်း သစ်သီးကုန်သည် Chen Peizhu သည် တရုတ်ဝယ်လက်များထံမှ အမှာစာများစွာ လက်ခံရရှိ ထားပြီးဖြစ်ကြောင်း သိရှိရသည်။

ကမ္ဘောဒီးယားအုန်းသီးများသည် အရည်အသွေးမြင့်ပြီး ဈေးနှုန်းအရလည်း ယှဉ်ပြိုင်နိုင်စွမ်းရှိကြောင်း၊ ၎င်းတို့၏ အနံ့မွှေးသော အုန်းသီးမျိုးကွဲများသည် တရုတ်နိုင်ငံ၌ ရှားပါးသည်ဟု တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအခြေစိုက် သစ်သီးရောင်းဝယ်ရေးကုမ္ပဏီ Yuhua Hongda ၏ အထွေထွေမန်နေဂျာ Chen က ပြောကြားခဲ့ကြောင်း သိရှိရသည်။

Chen သည် လစဉ် အုန်းသီးကွန်တိန်နာ (၅) လုံးကို တင်သွင်းရန်စီစဉ်နေပြီး အများစုကို လက်ရှိခေတ်စားနေသော အုန်းသီးကြက်သားဟော့ပေါ့ စားသောက်ဆိုင်များသို့ရောင်းချရန် သို့မဟုတ် တရုတ်လူငယ်စားသုံးသူများအကြား ရေပန်းစားနေသည့် ကျန်းမာရေးနှင့် ညီညွတ်သော အချိုရည်ဖြစ်သည့် အုန်းရေသန့်ဘူးအဖြစ် ပြုလုပ်မည်ဖြစ်ကြောင်း သိရှိရသည်။

တရုတ်နိုင်ငံတွင် အုန်းသီး၊ အုန်းရည်နှင့် အုန်းသီးနှင့် ဆက်စပ်ထုတ်ကုန်များ ရောင်းချမှုတွင် လိုအပ်ချက်များရှိနေသဖြင့် တင်သွင်းလာသည့် အုန်းသီးများအတွက် ဝယ်လိုအားများပြားမည်ဟု မျှော်လင့်ကြောင်း Chen က ပြောကြားခဲ့သည်။

အုန်းသီးသည် တရုတ်စားသုံးသူများအတွက် အသစ်အဆန်းမဟုတ်ဘဲ Coconut Palm Group မှ ထုတ်လုပ်သော အုန်းနို့သည် Coca-Cola နှင့် Pepsi တို့နှင့်အတူ မိသားစုစားပွဲများတွင် နေရာယူထားသော်လည်း bubble tea ကဲ့သို့သော ဖျော်ရည်များ ခေတ်စားလူကြိုက်များလာချိန်တွင် ၎င်း၏ကျော်ကြားမှုမှာ လျော့ပါးသွားခဲ့ကြောင်း သိရှိရသည်။

သို့သော် မကြာသေးမီနှစ်များအတွင်း အုန်းသီးသည် တစ်ကျော့ပြန် ခေတ်စားလာခဲ့ပြီး အားကစား အချိုရည်ဈေးကွက်သို့ ဝင်ရောက်ကာ Luckin Coffee ၏ အုန်းသီးအရသာ latte အပါအဝင် လက်ဖက်ရည်နှင့် ကော်ဖီထုတ်ကုန်များ၌ တွင်ကျယ်စွာ အသုံးပြုလျက်ရှိကြောင်း သိရှိရသည်။

ပြည်တွင်းအုန်းသီးထုတ်လုပ်မှုအများစုမှာ တရုတ်နိုင်ငံတောင်ပိုင်းရှိ ဟိုင်နန်ပြည်နယ်မှဖြစ်ပြီး တစ်နှစ်လျှင် အုန်းသီးလုံး သန်း (၂၀၀) ထုတ်လုပ်ကြောင်း၊ သို့သော်လည်း တိုးတက်လာနေသော ပြည်တွင်း အုန်းသီးဝယ်လိုအားကိုဖြည့်ဆည်းရန် တရုတ်သစ်သီးကုန်သည်များသည် အရှေ့တောင်အာရှသို့ ခြေဆန့်လာကြကြောင်း သိရှိရသည်။

အကောက်ခွန် အချက်အလက်များအရ ၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံမှ အုန်းသီးတန်ချိန် (၁ ဒသမ ၀၇) သန်း တင်သွင်းခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် တင်သွင်းခဲ့သည့် တန်ချိန် (၈၇၂,၀၀၀) ထက် (၂၂ ဒသမ ၈) ရာခိုင်နှုန်း မြင့်တက်လာကာ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်တို့သည် အဓိကတင်ပို့သည့် နိုင်ငံများဖြစ်ကြကြောင်း သိရှိရသည်။

မလေးရှားနိုင်ငံမှ အုန်းသီးထွက်ကုန်များ ရောင်းချသူ Karta International က ၎င်း၏ အုန်းရည်သည် တရုတ်ဈေးကွက်တွင် ခြေကုပ်ယူထားပြီး Pinduoduo နှင့် Douyin ကဲ့သို့သော ပလပ်ဖောင်းများတွင် ကောင်းစွာ ရောင်းချနိုင်ခဲ့သည်ဟု ပြောကြားခဲ့ကြောင်းသိရှိရသည်။

တရုတ်နိုင်ငံသည် ၎င်းတို့အတွက် ကြီးမားသော ဈေးကွက်ဖြစ်ပြီး တရုတ်ပြည်သူများ၏ ကျန်းမာရေး အသိပညာများမြင့်မားလာသဖြင့် အုန်းရည်ကဲ့သို့သော ကျန်းမာရေးနှင့်ညီညွတ်သော အချိုရည်များ သောက်သုံးမှု လည်း မြင့်တက်လာမည်ဟု Karta International ၏ ပို့ကုန်မန်နေဂျာ Yeow Kian Siang က မကြာသေးမီက ကျင်းပခဲ့သည့် အကြိမ် (၂၀) မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ပြောကြားခဲ့ကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံမှ သစ်သီးဝလံများကို အဓိကတင်သွင်းသည့် ကွမ်ရှီးအခြေစိုက် သစ်သီးဝလံကုမ္ပဏီ Youxianyuan က လက်ရှိတွင် အရှေ့တောင်အာရှမှ အုန်းသီးများကို တရုတ်နိုင်ငံ၌ အမျိုးမျိုးသော ဝယ်လက်များ ရရှိနေပြီဟု ပြောကြားခဲ့ကြောင်း သိရှိရသည်။

၎င်းတို့သည် အုန်းသီးများကို အဓိကအားဖြင့် သစ်သီး လက်လီရောင်းချသူများအား ရောင်းချပေးလေ့ရှိပြီး ယခုအခါ ၎င်းတို့၏ဖောက်သည်များတွင် အုန်းသီးနို့နှင့် အုန်းရည်အများအပြား လိုအပ်သည့် ဟော့ပေါ့ စားသောက်ဆိုင်များ၊ အုန်းဂျယ်လီဖျော်ရည်ရောင်းချသူများနှင့် Bubble tea ဆိုင်များလည်း ပါဝင်သည်ဟု Youxianyuan ၏ ဒုတိယအထွေထွေမန်နေဂျာ Mo Jiaming မှ ပြောကြားခဲ့ကြောင်း သိရှိရသည်။

အုန်းသီး အပါအဝင် အရှေ့တောင်အာရှမှ သစ်သီးဝလံများ တရုတ်နိုင်ငံသို့ ဈေးကွက်ချဲ့ထွင်နိုင်ခြင်းသည် တရုတ်-အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသနှင့် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) တို့ကို အကောင်အထည်ဖော်ခြင်းကြောင့် အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် ဈေးကွက်ဝင်ရောက်ခွင့်ရရှိခြင်းနှင့် အကောက်ခွန်ရှင်းလင်းခြင်းလုပ်ငန်းများ လွယ်ကူအဆင်ပြေခြင်းစသည့် အကျိုးရလဒ်များကြောင့် ဖြစ်ကြောင်းလည်း သိရှိရသည်။

တရုတ်နိုင်ငံတွင် အုန်းသီးကဲ့သို့ အပူပိုင်းဒေသသစ်သီးများ၏ ရေပန်းစားမှု မြင့်တက်လာခြင်းသည် တရုတ်ခရီးသွားများအတွက် ရေပန်းအစားဆုံး နေရာများအနက်မှ တစ်ခုဖြစ်သည့် အရှေ့တောင်အာရှရှိ ခရီးသွားရှုခင်းများ၏ နှစ်လိုဖွယ် အမှတ်တရများနှင့်လည်း ဆက်စပ်နေကြောင်း သိရှိရသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း ခရီးသွားလုပ်ငန်းမြင့်တင်ခြင်းနှင့်အတူ ဒေသထွက် အစားအစာများနှင့် သစ်သီးများ တိုးမြှင့်တင်ပို့နိုင်ရေးကိုလည်း ချိတ်ဆက်ဆောင်ရွက်သင့်ပါကြောင်း သိရှိရသည်။

Source: https://english.news.cn/20230923/6226a577a01143ce8784b55215c1277b/c.html

(စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_270920231230

## မလေးရှားနိုင်ငံသည် အီးယူ၏ကန့်သတ်ချက်များကို ရှောင်ရှား၍ တရုတ်နိုင်ငံသို့ စားအုန်းဆီနှစ်ဆ တင်ပို့မည်

မလေးရှားနိုင်ငံသည် အီးယူ၏ကန့်သတ်ချက်အသစ်များအား ရှောင်ရှားသည့်အရွေ့တစ်ခုအနေဖြင့် တရုတ်နိုင်ငံသို့ စားအုန်းဆီနှစ်ဆတင်ပို့သွားမည်ဖြစ်ပြီး နှစ်စဉ်တန်ချိန် ၅၀၀,၀၀၀ တင်ပို့သွားမည်ဖြစ်ကြောင်း ၂၀ ကြိမ်မြောက် အာဆီယံကုန်စည်ပြပွဲတွင် ကြေညာပြောကြားခဲ့ခြင်းဖြစ်ပြီး တက်ရောက်ကြသည့် နိုင်ငံကိုယ်စားပြုကိုယ်စားလှယ်များအကြား လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။ တရုတ်နိုင်ငံမှ မလေးရှားနိုင်ငံတွင် စွမ်းအင်သုံးစွဲမှုချွေတာသည့် စက်ရုံတည်ဆောက်ခြင်း၊ ကုန်သိုလှောင်ရုံနှင့် ကုန်စည်သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၃ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း သိရှိရသည်။

တရုတ်နိုင်ငံသည် မလေးရှားနိုင်ငံမှ စားအုန်းဆီတင်သွင်းသူများတွင် ထိပ်ဆုံးမှပါဝင်သည့် နိုင်ငံတစ်ခုဖြစ်ပြီး မလေးရှားနိုင်ငံသည်လည်း စားအုန်းဆီထုတ်လုပ်မှုတွင် ကမ္ဘာ့အဆင့် ဒုတိယအကြီးဆုံး နိုင်ငံတစ်ခုဖြစ်သည်။ တရုတ်နိုင်ငံသည် မလေးရှားနိုင်ငံ၏ ၂၀၀၉ ခုနှစ်မှစ၍ ထိပ်တန်း ကုန်သွယ်ဖက်နိုင်ငံဖြစ်ခဲ့ပြီး မလေးရှားနိုင်ငံမှ တရုတ်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုမှာ မလေးရှားရင်းဂစ် ၂၀၆ ဒသမ ၆ ဘီလီယံရှိပြီး ၉ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံနှင့် အခြားဖွံ့ဖြိုးပြီးနိုင်ငံများမှ ကန့်သတ်ချက်များကို များစွာရင်ဆိုင်နေရသဖြင့် ၎င်း၏ ကုန်သွယ်မှုအား အရှေ့တောင်အာရှနိုင်ငံများသို့ ပြောင်းရွှေ့ပြီး တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

source: (ကောသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ ဖိလစ်ပိုင်)

Source: https://myantrade.gov.mm/article/naypyitaw_28092023_1041

## ဗီယက်နမ်နိုင်ငံတွင် ကော်ဖီဈေး မြင့်တက်လာပြီး ပြည်ပသို့ တင်ပို့ရန်ရှားပါးနေ

ဗီယက်နမ်နိုင်ငံ၏ ကော်ဖီထုတ်ကုန် ပြတ်လပ်မှု၊ ရှားပါးခြင်းကြောင့် ကော်ဖီဈေးနှုန်းများ မြင့်မားနေကြောင်းသိရှိရသည်။ အကောက်ခွန်ဦးစီးဌာန၏ အဆိုအရ ဗီယက်နမ်ပို့ကုန် ကော်ဖီဈေးနှုန်းသည် ဩဂုတ်လတွင် စံချိန်တင်အမြင့်ဆုံးသို့ ရောက်ရှိခဲ့ပြီး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃,၀၅၄ ဝန်းကျင်ရှိပြီး ယခုနှစ်တွင် ၂၉ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရသည်။

ပြည်တွင်းဈေးကွက်တွင်လည်း ဈေးနှုန်းများစံချိန်တင်မြင့်မားလာခဲ့ကြောင်းသိရသည်။ စက်တင်ဘာလ ၁၅ ရက်တွင် ဒက်လတ်ခရိုင်ရှိ ကော်ဖီတစ်ကီလိုကို ဗီယက်နမ်ဒေါင် ၆၆,၆၀၀ သို့ တိုးမြှင့်လာပြီး Gia Lai တွင် တစ်ကီလိုလျှင် ဗီယက်နမ်ဒေါင် ၆၆,၄၀၀ တိုးမြှင့်လာကာ Dak Nong တွင် တစ်ကီလိုလျှင် ဗီယက်နမ်ဒေါင် ၆၆,၉၀၀ရောက်ရှိလာကြောင်းသိရှိရသည်။

သို့သော် ပြည်တွင်းကုမ္ပဏီများသည် ပို့ကုန်ထောက်ပံ့မှု အကန့်အသတ်နှင့် ရင်ဆိုင်နေရပြီး ဩဂုတ်လတွင် ဗီယက်နမ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၂၅၈ ဒသမ ၅ သန်းတန်ဖိုးရှိ ကော်ဖီတန်ချိန် ၈၄,၆၅၀ သာ တင်ပို့ခဲ့ပြီး၊ ၂၅ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းကာ တစ်နှစ်လျှင် ၂ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

စက်မှုလုပ်ငန်းသည် ပို့ကုန်ထောက်ပံ့မှုတွင် ထိုကဲ့သို့ ပြတ်တောက်မှုမျိုး တစ်ခါမျှ မကြုံဖူးကြောင်းနှင့် ဂျာမနီ၊ စပိန်၊ ဘယ်လ်ဂျီယံ၊ အမေရိကန်၊ အီတလီ၊ ဂျပန်နှင့် ရုရှားတို့သည် ဗီယက်နမ်ကော်ဖီကိုအများဆုံး တင်သွင်းသည့်နိုင်ငံများစာရင်းတွင်ပါဝင်ကြောင်းဖော်ပြထားသည်။

Phuc Sinh Coffee JS Company ၏ ဥက္ကဋ္ဌ Phan Minh Thong က ဗီယက်နမ်သည် ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး ကော်ဖီတင်ပို့သူအဖြစ် ဆက်လက်တည်ရှိနေသော်လည်း ယခုနှစ်တွင် ဒေသအများအပြားတွင် ရာသီဥတုအခြေအနေကြောင့် ကော်ဖီစိုက်ပျိုးမှုညံ့ဖျင်းမှု ကြုံတွေ့ခဲ့ရကြောင်းသိရှိရပါသည်။

ဗီယက်နမ်ကော်ဖီကိုကိုးအသင်းမှ ဗီယက်နမ် ကော်ဖီဈေးနှုန်းများသည် လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ အတွင်း အမြင့်ဆုံးဖြစ်ကြောင်း ဝန်ခံပြောကြားခဲ့ပြီး ကုမ္ပဏီများအနေဖြင့် ပို့ကုန်အတွက် ကော်ဖီ အများအပြားမရှိကြောင်း၊ ထို့ကြောင့် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ဩဂုတ်လမှ အောက်တိုဘာလအထိ ကော်ဖီတင်ပို့မှု လျော့ကျသွားနိုင်ကြောင်းသိရှိရသည်။ အမှန်တကယ်တွင် ကော်ဖီစိုက်ပျိုးသူအများအပြားသည် ကော်ဖီ အထွက်နှုန်းကျဆင်းမှုအတွက် အပြစ်တင်ခံရသည့်အတွက် ဒူးရင်းကဲ့သို့သော အသီးအနှံများကို ပြောင်းလဲစိုက်ပျိုး လာကြောင်း သိရသည်။ Source: Vietnamnet Global (ဝင့်နန္ဒာကျော်ကျော်၊စီးပွားရေးသံမှူး၊ ဗီယက်နမ်)

Source: https://myantrade.gov.mm/article/Naypyitawstp_290920230132

## ရုရှားနိုင်ငံသည် ဓာတ်ဆီနှင့် ဒီဇယ်ဆီတင်ပို့မှုအပေါ် ကန့်သတ်ချက်များချမှတ်ခဲ့

ရုရှားအစိုးရသည် ဓာတ်ဆီနှင့်ဒီဇယ်ဆီတင်ပို့မှုကို စက်တင်ဘာလ ၂၁ ရက်မှစတင်၍ ယာယီကန့်သတ်လိုက်ကြောင်း၊ အဆိုပါဆုံးဖြတ်ချက်သည် ပြည်တွင်းဈေးကွက်တွင် စက်သုံးဆီဈေးနှုန်းတည်ငြိမ်စေရန် ရည်ရွယ်ခြင်းဖြစ်ပြီး ဝန်ကြီးချုပ် Mr. Mikhail Mishustin က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း အစိုးရ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အစိုးရအမိန့်အရ ကန့်သတ်ချက်များသည် ယာယီဖြစ်ပြီး စက်တင်ဘာလ ၂၁ ရက်တွင် “တရားဝင် ထုတ်ပြန်သည့်နေ့” မှစတင်သော်လည်း ကန့်သတ်ချက်များ၏ သက်တမ်းကုန်ဆုံးရက်ကို စာရွက်စာတမ်းတွင် မဖော်ပြထားပေ။

အဆိုပါကန့်သတ်ချက်သည် ရုရှားနိုင်ငံမှ EAEU အဖွဲ့ဝင်နိုင်ငံများသို့ အစိုးရအချင်းချင်း သဘောတူညီ ချက်များအရ လောင်စာဆီတင်ပို့ခြင်း၊ အစိုးရ၏ဆုံးဖြတ်ချက်အရ လူသားချင်းစာနာထောက်ထားမှုအကူအညီ၏ အစိတ်အပိုင်းအဖြစ် လောင်စာဆီဖြတ်သန်းပို့ဆောင်ခြင်း၊ နိုင်ငံပြင်ပရှိရုရှားတပ်မတော်ကိုထောက်ပံ့ခြင်းတို့နှင့်မသက်ဆိုင်ကြောင်းဖော်ပြထားသည်။

ဝန်ကြီးများအဖွဲ့၏အဆိုအရ ယာယီကန့်သတ်ချက်များသည် လောင်စာဆီဈေးကွက်ကို အထောက်အကူ ပြုမည်ဖြစ်ပြီး စားသုံးသူများအတွက် ဈေးနှုန်းများကျဆင်းစေမည်ဖြစ်ကြောင်း သိရသည်။

မကြာသေးမီလများအတွင်း ဓာတ်ဆီနှင့် ဒီဇယ်ဆီဈေးနှုန်းများသည် စံချိန်တင်အဆင့်သို့ ရောက်ရှိခဲ့သော်လည်း ယခု သီတင်းပတ်တွင် စတင်ကျဆင်းလာခဲ့သည်။ စက်တင်ဘာလ ၂၁ ရက်အထိ ရုရှားနိုင်ငံရှိ ဓာတ်ဆီဈေးနှုန်းများသည် ၄ ရာခိုင်နှုန်းမှ ၅ ဒသမ ၇ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပြီး ဒီဇယ်ဆီဈေးနှုန်း များသည် ၂ ရာခိုင်နှုန်းကျော် ကျဆင်းခဲ့သည်။

ရုရှားနိုင်ငံမှ ဓာတ်ဆီနှင့်ဒီဇယ်ဆီတင်ပို့မှုပိတ်ပင်လိုက်ခြင်းကြောင့် ကမ္ဘာ့လောင်စာဆီဈေးများ မြင့်တက်လာနိုင်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်လျက်ရှိပြီး ကမ္ဘာ့ဆီဈေးမြင့်တက်လာပါက မြန်မာနိုင်ငံအပေါ်ကိုလည်း ရိုက်ခတ်လာနိုင်ကြောင်း သုံးသပ်ရသည်။ Source : https://tass.com/economy/1678431 (ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)

Source :https://myantrade.gov.mm/article/STP(Ygn)_25092023_13:58

## တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများအား တရုတ်နိုင်ငံဈေးကွက်မှ ထွက်ခွာရန် တိုက်တွန်းထား

တောင်ကိုရီးယားနိုင်ငံမှ စီးပွားရေးလုပ်ငန်းများသည် တရုတ်နိုင်ငံဈေးကွက်သို့တင်ပို့ရန်နှင့် တရုတ်နိုင်ငံတွင် ရင်းနှီး မြှုပ်နှံရန် အားထားနေမှုကို လျှော့ချပြီး အခြားသောအာရှ ဈေးကွက်များတွင် ရင်းနှီးမြှုပ်နှံမှု မြင့်တင်ရန်ဆောင်ရွက်နေကြသည်။ အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့အကြား အင်အားပြိုင်ဆိုင်မှု မြင့်မားလာခြင်းကြောင့် ကြုံတွေ့ရနိုင်သည့် ဆုံးရှုံးမှုများ လျော့နည်းစေရန်ရည်ရွယ်၍ ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များက ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်၊ ပထမ ၆ လတွင် တောင်ကိုရီးယားနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများမှတရုတ်နိုင်ငံသို့ ကုမ္ပဏီ ရုံးခွဲသွားရောက် ဖွင့်လှစ်သည့်အရေအတွက်သည် ၈၇ ရုံးသာရှိသည့်အတွက် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၁၂ ဒသမ ၁ ရာခိုင်နှုန်း လျော့ကျခဲ့သည်ဟု ဖော်ပြထားသည်။ သို့သော် အလားတူကာလတွင် ဂျပန်ဈေးကွက်သို့သွားရောက် ရုံးခွဲဖွင့်လှစ်မှုအရေအတွက် သည် ၁၁၈ ရုံးအထိရောက်ရှိခဲ့သည်ဟု တောင်ကိုရီးယားနိုင်ငံ၏ ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သော စာရင်းများတွင် ဖော်ပြ ထားသည်။ ဂျပန်ဈေးကွက်သို့ သွားရောက်ရုံးခွဲဖွင့်လှစ်မှုအရေအတွက်သည် တရုတ်နိုင်ငံထက်သာလွန် ခဲ့သည်မှာ ၁၉၈၉ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်လာသည်။

ရေရှည်တွင် တရုတ်နိုင်ငံဈေးကွက်အပေါ် ပို့ကုန်တင်ပို့မှုအားထားခြင်းကို တဖြည်းဖြည်း လျှော့ချရခြင်းမှာ တရုတ်နိုင်ငံ သည် ၎င်း၏စီးပွားရေးကို ပိတ်ပင်ထားမည့်ဘက်သို့ဦးတည်နေသည့် လက္ခဏာရှိနေ၍ဖြစ်သည်ဟု တောင်ကိုရီးယားနိုင်ငံ၊

ဆယ်ဂျူးတက္ကသိုလ်၏ စီးပွားရေးစီမံခန့်ခွဲမှု ဆိုင်ရာပါမောက္ခ Mr. Kim Dae-jong ကပြောကြားပါသည်။ သို့ဖြစ်၍ တောင်ကိုရီးယားနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများသည် တရုတ်နိုင်ငံအစား အခြားသောအာရှနိုင်ငံများဖြစ်ကြသည့် ဂျပန်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံကဲ့သို့သော နိုင်ငံများသို့ ပြောင်းရွှေ့လိုကြ ကြောင်း၊ နာမည်ကြီး ရှင်ဆယ်ဂယ် (Shinsegae) နှင့် လော့တဲ (Lotte) ကုမ္ပဏီကြီးများကလည်း ယင်းတို့၏ လက်လီအရောင်းဆိုင်များကို စတင်ရုပ်သိမ်းနေပြီဖြစ်ပါကြောင်း၊ ကုမ္ပဏီငယ်များကလည်း လုပ်ငန်းထပ်မံချဲ့ထွင် လိုခြင်း မရှိကြတော့ကြောင်း ပါမောက္ခ Mr. Kim Dae-jong ကပြောကြားသည်။

အမေရိကန်ပြည်ထောင်စုက တရုတ်နိုင်ငံထွက်ကုန်များအပေါ် တင်းကျပ်သောစည်းမျဉ်းများ ချမှတ်နေ သည့်အတွက် တောင်ကိုရီးယားနိုင်ငံရှိ လုပ်ငန်းစုကြီးများအနေဖြင့် တရုတ်နိုင်ငံရှိ ၎င်းတို့လုပ်ငန်းများကို တိုးချဲ့ ရန်မဖြစ်နိုင်တော့ကြောင်း၊ တောင်ကိုရီးယားနိုင်ငံသာမက အခြားသောနိုင်ငံများသည်လည်း တရုတ်နိုင်ငံမှ ဆုတ်ခွာ၍ ဟောင်ကောင်၊ စင်ကာပူနိုင်ငံနှင့် ဂျပန်နိုင်ငံကဲ့သို့ သောနိုင်ငံများသို့ ပြောင်းရွှေ့ရန် ပြင်ဆင်နေကြ ကြောင်း တောင်ကိုရီးယားနိုင်ငံရှိ ကုန်သည်များ နှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရှိ စက်မှုမူဝါဒဌာနခွဲ တာဝန်ခံ Mr. Moon-tae က ပြော ကြားခဲ့သည်။

Source; https://www.koreatimes.co.kr/www/tech/2023/09/419_359687.html (စီးပွားရေးသံမှူးဆိုးလ်မြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_10072023250920230420

## မလေးရှားတွင် အယ်နီညိုဖြစ်လင့်ကစား ၂၀၂၄ စားအုန်းဆီ အထွက်နှုန်း မြင့်တက်မည်

မလေးရှားဆီအုန်းစိုက်ခင်းများတွင် လုပ်သားများပိုမိုများပြားလာပြီး ယခင်ကလိုလုပ်သားမလုံလောက်သည့် ပြဿနာ မရှိတော့ခြင်း၊ စိုက်ခင်းများတွင် ဆွတ်ခူးနိုင်သည့် အပင်သက်တမ်းသို့ ရောက်ရှိလာကြခြင်းတို့ကြောင့် အယ်နီညိုရာသီဥတုဒဏ် ကျရောက်သော်ငြားလည်းမလေးရှားစားအုန်းဆီထုတ်လုပ်မှုပိုမိုများပြားလာမည်ဟုမလေးရှားစားအုန်းဆီဘုတ်အဖွဲ့ Malaysian Palm Oil Board (MPOB) မှ ပြောကြားခဲ့သည်။

မလေးရှားသည် အင်ဒိုနီးရှားပြီးလျှင် ဒုတိယအများဆုံး စားအုန်းဆီထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး ၂၀၁၆ ခုနှစ် အယ်နီညို ရာသီဥတုဒဏ် ကျရောက်ခဲ့စဉ်က ထုတ်လုပ်မှု ၂၀ ရာခိုင်နှုန်း ကျဆင်းခဲ့ဖူးသည်။ ယခုနှစ် ကြုံရမည့် အယ်နီညိုရာသီဥတုဒဏ် သည် မပြင်းထန်ဟု ခန့်မှန်းထားသည်။

MPOB မှ ညွှန်ကြားရေးမှူးချုပ် Ahmad Parveez Ghulam Kadir က "အယ်နီညိုရဲ့ အလွန်ပြင်းထန်တဲ့ သို့မဟုတ် ပြင်းထန်တဲ့ ဆိုးကျိုးသက်ရောက်မှုကို အခုအချိန်အထိ မတွေ့ရသေးပါဘူး"ဟု ပြောကြားသည်။ MPOB ၏ မေလ ခန့်မှန်းချက် အရ ၂၀၂၄ ထုတ်လုပ်မှုသည် မက်ထရစ်တန်ချိန် ၁ သန်းမှ ၃ သန်းကြား ကျဆင်းသွားနိုင်သည်။

မလေးရှား စားအုန်းဆီကြမ်း ထုတ်လုပ်မှုသည် ၂၀၂၂ ခုနှစ်တွင် တန်ချိန် ၁၈ ဒသမ ၄၅ သန်း ရှိခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် တန်ချိန် ၁၉ သန်း ရှိမည်ဟု ခန့်မှန်းထားကြောင်း Ahmad Parveez က ပြောကြားသည်။ လက်ကျန် သိုလှောင်မှု ပမာဏသည် ၂၀၂၂ ခုနှစ်က ပမာဏဖြစ်သည့် ၂ ဒသမ ၂ သန်းနီးပါး ယခုနှစ်တွင် ကျန်ရှိမည်ဟု ခန့်မှန်းသည်။ ယခုနှစ်တွင် ပြည်ပတင်ပို့မှု ပိုများခဲ့သည်။ Source jakartapost

Source: https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/6967-palmoil.html

## သံလွင်ဆီဈေးနှုန်း ၁၀၀ ရာခိုင်နှုန်းကျော် စံချိန်တင် မြင့်တက်

သံလွင်ဆီ ထုတ်လုပ်မှု အဓိကကျသည့် နိုင်ငံများတွင် ပြင်းထန်သော မိုးခေါင်ရေရှားမှုများကြောင့် သံလွင်ဆီ အထွက် နည်းပြီး သံလွင်ဆီဈေးနှုန်း စံချိန်သစ် တင်သည်အထိ မြင့်တက်လာခဲ့သည်။ သံလွင်ဆီ ထုတ်လုပ်မှု အဓိကကျသည့် မြေထဲပင်လယ်ဒေသတွင် အလွန်ခြောက်သွေ့သော ရာသီဥတုကြောင့် ဩဂုတ်လတွင် သံလွင်ဆီ ပျမ်းမျှဈေးနှုန်းသည် ယခင်နှစ် ကထက် ၁၃၀ ရာခိုင်နှုန်း မြင့်မားခဲ့သည်။

စက်တင်ဘာလတွင် သံလွင်ဆီ ကမ္ဘာ့ဈေးနှုန်းသည် တစ်တန်လျှင် ကန်ဒေါ်လာ ၈၉၀၀ အထိ မြင့်တက်ခဲ့ကြောင်း အမေရိကန်ပြည်ထောင်စု စိုက်ပျိုးရေးဌာန United States Department of Agriculture USDA မှ အချက်အလက် ထုတ်ပြန် သည်။ ဈေးနှုန်း လျော့ကျမည့်လက္ခဏာမရှိဟု USDA က ဆိုသည်။ သံလွင်ဆီ ကမ္ဘာ့အများဆုံး ထုတ်လုပ်သူနှင့် တင်ပို့ရောင်းချ သည့် စပိန်နိုင်ငံသည် လအတန်ကြာ ပြင်းထန်သော မိုးခေါင်ရေရှားမှုဒဏ်ကို ခံခဲ့ရသည်။

စပိန်မှာ သံလွင်ဆီ အထွက် လျော့ကျနေစဉ် တူရကီက သံလွင်ဆီ ပြည်ပတင်ပို့မှု ရပ်ဆိုင်းထားရန် ဆုံးဖြတ်ခဲ့သည်။ သို့ဖြစ်ရာ သံလွင်ဆီ ပြတ်လပ်မှု ပိုဆိုးသွားသည်။

ဆီထွက်သီးနှံများနှင့် ဟင်းသီးဟင်းရွက်ဆီများ ဆန်းစစ်လေ့လာသည့် Mintec မှ ထုတ်ပြန်သည့် အချက်အလက် များအရ စပိန်သံလွင်ဆီ ထုတ်လုပ်မှုသည် ပုံမှန်အားဖြင့် တန်ချိန် ၁ ဒသမ ၃ - ၁ ဒသမ ၅ သန်း ရှိခဲ့ရာမှ ယခုရာသီတွင် တန်ချိန် ၆၁၀,၀၀၀ မျှသာထွက်ရှိသည်။ ဥရောပမှ သံလွင်ဆီ ထုတ်လုပ်သည့် ဂရိနှင့် အီတလီတို့တွင်လည်း အထွက်လျော့ကျ

သည်။ ဂရိသည် သံလွင်ဆီ ကမ္ဘာ့ဒုတိယ အများဆုံး ထုတ်လုပ်သူ ဖြစ်ပြီး အီတလီသည် သံလွင်ဆီ ကမ္ဘာ့တတိယ အများဆုံး ထုတ်လုပ်သူ ဖြစ်သည်။ Source cnbc

Source: https://www.foodindustrydirectory.com.mm/food-industry/food-health/item/6923-olive-oil.html

## အီတလီနှင့်ထိုင်းနိုင်ငံတို့အကြား အစားအစာနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်သွားမည်ဖြစ်

အီတလီနိုင်ငံ ရင်းနှီးမြှုပ်နှံသူများသည် ထိုင်းနိုင်ငံ Eastern Economic Corridor (EEC) တွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုရှိကြောင်း၊ နှစ်နိုင်ငံကြား အစားအစာနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများကို မြှင့်တင်ရန် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်အပေါ် သဘောတူညီပြီးဖြစ်ကြောင်း ထိုင်းနိုင်ငံကုန်သွယ်ရေးကိုယ်စားလှယ် Ms. Nalinee Taveesin က ပြောကြားခဲ့သည်။

နှစ်နိုင်ငံတို့၏ ဟင်းလျာအရည်အသွေးများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး အပြန်အလှန်အကျိုးရှိစေရေးအတွက် ခရီးသွားဆိုင်ရာအခွင့်အလမ်းများကိုလည်း ဖိတ်ခေါ်ခဲ့ကြကြောင်း၊ ထိုင်းနှင့် အီတလီ အစားအစာများသည် ကိုယ်ပိုင်ဟန်ဖြင့် အမှတ်အသားများရှိကြပြီး ကမ္ဘာနှင့်အဝှမ်းတွင် လူကြိုက်များကြကြောင်း၊ ထိုင်းနိုင်ငံတွင် နေထိုင်ကြသော အီတလီနိုင်ငံသားများထက် အီတလီအစားအစာကို ထိုင်းနိုင်ငံသားများက ပိုမို သုံးဆောင်ကြကြောင်း သူမကဆက်လက်ပြောကြားခဲ့သည်။

အီတလီနိုင်ငံရှိ ခရီးသွားနေရာများသည် ထိုင်းခရီးသွားများအကြိုက်တွေ့ကြပြီး ထိုင်းသို့လာရောက် လည်ပတ်သည့် အီတလီနိုင်ငံသားများထက် ၁၀ ဆ ပိုများကြောင်း၊ ယင်းအချက်သည် ထိုင်းခရီးသွားကဏ္ဍကို အီတလီနိုင်ငံတွင် မြှင့်တင်နိုင်သည့် အခွင့်အလမ်းတစ်ခုဖြစ်ကြောင်း Ms. Nalinee က အကြံပြုထားသည်။

ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကို ကြည့်မည်ဆိုပါက အီတလီရင်းနှီးမြှုပ်နှံသူများသည် EEC၊ အခြေခံ အဆောက်အအုံ၊ ရထားလမ်းသယ်ယူပို့ဆောင်ရေးစနစ်နှင့် အမြန်ရထားနည်းပညာဆိုင်ရာကဏ္ဍများ၌ ထိုင်းနိုင်ငံကို ဒေသတွင်းအချက်အချာ အဖြစ်မှတ်ယူထားကြောင်း၊ Charoen Pokp-hand (CP) Group နှင့် စီးပွားရေးမိတ်ဖက်ဖြစ်သော အီတလီနိုင်ငံပိုင် မီးရထား ကုမ္ပဏီသည် ဒွန်မောင်း၊ သုဝဏ္ဏဘူမိနှင့် U-Tapao လေဆိပ်တို့ အကြား ရထားလမ်းချိတ်ဆက်ရန်အတွက် တင်ဒါအောင်မြင်ထားကြောင်း၊ အဆိုပါ စီမံကိန်းမှ အလုပ်အကိုင် အခွင့်အလမ်း ၁၆,၀၀၀ ကျော် ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သူမကဖြည့်စွက် ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံက အီတလီနိုင်ငံကို ဥရောပ၏ ကုန်သွယ်ရေးဝင်ပေါက်တစ်ခုအဖြစ် မှတ်ယူထားကြောင်း၊ အီတလီ အနေဖြင့်လည်း ထိုင်းနိုင်ငံ၏ ထောက်ပံ့ပို့ဆောင်ရေး၊ ပို့ကုန်နှင့် အစားအစာလုံခြုံ စိတ်ချရမှုများတွင် အထောက်အပံ့ပေးသွားရန် ကတိပြုထားကြောင်း Ms. Nalinee က ပြောကြားခဲ့သည်။

Source: www.bangkokpost. gov (စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

https://myantrade.gov.mm/article/Naypyitawstp_10072023031020231152

# ပြည်တွင်းကုန်သွယ်မှုသတင်း

## စပါးခွံမှ လျှပ်စစ်စွမ်းအင်ထုတ်စက်ရုံနှင့် ဖွဲနုမှ ဖွဲနုဆီထုတ် စက်ရုံများ အကောင်အထည်ဖော် လုပ်ဆောင်မည်

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ဦးဆောင်၍ စပါးခွံမှ လျှပ်စစ်ထုတ်သည့် ပြန်လည်ပြည့်ဖြိုးမြဲ လျှပ်စစ်စွမ်းအင်ထုတ် စက်ရုံနှင့် ဖွဲနုမှ ဆီကြမ်းထုတ်လုပ်ရေး စက်ရုံ၊ ဖွဲနုဆီ သန့်စင်စက်ရုံများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် အသင်းဝင်ကုမ္ပဏီများ၊ ဆန်စက်များ လုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံနိုင်ကြောင်းနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် စပါးခွံနှင့် ဖွဲနုတို့မှ သုတေသနနှင့်ဖွံ့ဖြိုးရေးကော်မတီ (MRF - R&D Committee) သို့ ဆက်သွယ်နိုင် ကြောင်း လည်း သတင်းထုတ်ပြန်ထားသည်။

ရင်းနှီးမြှုပ်နှံလိုသူများအား ငွေကြေးနှင့် ဘဏ်ဝန်ဆောင်မှုဆိုင်ရာ ကာလလတ်နှင့် နှစ်ရှည်ချေးငွေ (Medium and Long Term Project Finance) ရရှိနိုင်ရေးနှင့် ခေတ်မီနည်းပညာပိုင်းဆိုင်ရာတို့တွင် နိုင်ငံတကာအဖွဲ့အစည်းများ ဖွံ့ဖြိုးရေး မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အသင်းချုပ်က ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။ ထို့ကဲ့သို့ တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်မှုလုပ်ငန်းများသည် နိုင်ငံ၏ စားသုံးဆီကဏ္ဍ၊ ပြန်လည်ပြည့်ဖြိုးမြဲ လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကဏ္ဍ၊ မွေးမြူရေးအစာထုတ်လုပ်မှုကဏ္ဍတို့တွင် အကျိုးပြုစေမည်ဖြစ်ပြီး ပြည်တွင်းကုန်ထုတ်လုပ်မှု၊ အလုပ်အကိုင်ဖန်တီးပေးနိုင်မှု၊ နည်းပညာတိုးတက် ရရှိနိုင်မှုနှင့် စီးပွားရေးအရ အကျိုးအမြတ်ရရှိမှုတို့ကို ဖော်ဆောင်ပေးနိုင်မည် ဖြစ်သည်ဟု ဆိုသည်။

ဖွဲနုဆီထုတ်လုပ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ဆောင်ရွက်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) ဦးဆောင်၍ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသည့် ကုမ္ပဏီ (၆) ခုနှင့်အတူ သီလဝါဆိပ်ကမ်း ဇရိယာရှိ တစ်ရက်လျှင် တန် (၄၀၀) ကျော်ပမာဏဖြင့်

လုပ်ငန်းလည်ပတ်နေသော Wilmar Myanmar Edible Oils Limited သို့ သွားရောက် လေ့လာခဲ့သည်။ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်သည် ဆန်စပါးကြိတ်ခွဲသန့်စင်ထုတ်လုပ်သည့် ဆန်စက်များ၏ ဘေးထွက်ပစ္စည်း၊ စွန့်ပစ်ပစ္စည်းများဖြစ်သော စပါးခွံ (Rice Husk) နှင့် ဖွဲနု (Rice Bran) တို့မှ တန်ဖိုးမြင့်ထွက်ကုန်များ ထုတ်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိပြီး ဖွဲနုဆီ ထုတ်လုပ်ရေး လုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်နိုင်ရန် ရည်ရွယ်ပြီး လေ့လာရေး ခရီးစဉ်ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဖွဲနုဆီ ထုတ်လုပ်ရေးလုပ်ငန်းသည် ပြည်တွင်းစားသုံးဆီ ဖူလုံရေးနှင့် ပြည်ပမှ စားအုန်းဆီ တင်သွင်းမှု လျှော့ချနိုင်ရေးအပြင် ဖွဲနုဆီသည် မပြည့်ဝဆီ (Unsaturated Fat) အမျိုးအစားဖြစ်ခြင်းကြောင့် နိုင်ငံသားများအတွက် ကျန်းမာရေးကို အထောက်အပံ့ ဖြစ်စေပြီး အဓိကထား စားသုံးသင့်သည့် ဆီအမျိုးအစားဖြစ်ကြောင်း သိရသည်။Source: https://www.industrialdirectory.com.mm

Source:https://myantrade.gov.mm/article/naypyitaw_29092023_946

## တနင်္သာရီတိုင်းတွင် ဆီအုန်းစိုက်ဧက (၄) သိန်းခန့်ရှိပြီး ဆီကြိတ်စက်ရုံနှင့် ဆီချောစက်ရုံများ လိုအပ်နေ

တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ လွန်ခဲ့သည့်နှစ် (၃၀) ကျော်ခန့်မှ ဆီအုန်းစိုက်ပျိုးမှုစတင်ခဲ့ပြီး ယခုအခါ ဆီအုန်း ကုမ္ပဏီပေါင်း (၃၉)ခုဖြင့် ဆီအုန်းစိုက်ဧကပေါင်း (၃၉၅,၇၂၁) ဧက စိုက်ပျိုးထားကြောင်း တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ဆီအုန်းစိုက်ပျိုးအောင်မြင်နိုင်သည့် ရေ၊ မြေ စသည့် ရာသီဥတု အခြေအနေများကြောင့် တနင်္သာရီတိုင်းဒေသကြီး အတွင်းတွင် ပြည်တွင်းသာမက ပြည်ပကုမ္ပဏီများကပါ ဆီအုန်းစိုက်ပျိုးမှုအတွက် လာရောက် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ကြခြင်း ဖြစ်သည်။

"၂၀၂၃- ၂၀၂၄ ခုနှစ် ဧပြီလမှ ဩဂုတ်လအထိ ကောက်ယူထားတဲ့ စာရင်းများအရဆိုရင် တနင်္သာရီတိုင်းဒေသကြီး အတွင်းမှာရှိတဲ့ ထားဝယ်ခရိုင်၊ မြိတ်ခရိုင်၊ ဘုတ်ပြင်းခရိုင်နှင့် ကော့သောင်းခရိုင်စတဲ့ ခရိုင် (၄) ခုမှာ ဆီအုန်းစိုက်ဧကပေါင်း (၃၉၅,၇၂၁) ဧက ရှိပါတယ်။ ဆီသီးခိုင် ခူးနိုင်တဲ့ဧက (၁၈၃,၃၂၁) ဧကရှိတယ်။ တစ်ဧကအထွက်နှုန်းကတော့ (၂ ဒသမ ၇၄) တန် ထွက်ရှိပါတယ်။ စုစုပေါင်းဆီသီးခိုင်ထွက်ရှိမှုကတော့ (၅၀၂,၈၂၅) တန် ထွက်ရှိပါတယ်။"ဟု တနင်္သာရီတိုင်း စိုက်ပျိုးရေးဦးစီး ဌာနမှ တာဝန်ရှိသူ တစ်ဦးကပြောကြားသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ ဆီအုန်းစိုက်ပျိုးသည့် ကုမ္ပဏီပေါင်း (၃၉) ခုနှင့် ပုဂ္ဂလိကခြံရှင် (၄၀) နီးပါးခန့်ရှိပြီး ထွက်ရှိလာသည့် ဆီသီးခိုင်အများစုကို ဘုတ်ပြင်းခရိုင်နှင့် ကော့သောင်းခရိုင်အတွင်းရှိ ဆီကြိတ်စက်များသို့ သွားရောက် ရောင်းချရသဖြင့် အလေအလွင့်များနှင့် ကုန်ကျမှုစရိတ်စက များပြားကြောင်းနှင့် ယခုလက်ရှိတွင် ဆီသီးခိုင်ဈေးနှုန်းမှာ တစ်တန်လျှင် ငွေကျပ် (၃၃၀,၀၀၀) ခန့် ပေါက်ဈေးရှိကြောင်း သိရသည်။

"ကျွန်တော်တို့ခြံက ထွက်ရှိတဲ့ ဆီသီးခိုင်တွေကို တောင်ဒဂုံစက်ရုံမှာ သွားရောက် ရောင်းချနေရတယ်။ ဆီအုန်း စိုက်ပျိုးမှုက ယခုလက်ရှိမှာ တွက်ခြေကိုက်ပေမဲ့ ထွက်ရှိလာတဲ့ ဆီသီးခိုင်တွေ သွားရောက်ရောင်းချရတာဝေးတော့ စရိတ်တွေ၊ ကုန်ကျမှုနဲ့ အလေအလွင့်တွေ ရှိပါတယ်။"

မြိတ်ခရိုင်အတွင်းမှာသာ ဆီကြိတ်နဲ့ ဆီချောစက်ရုံတွေသာ ရှိမယ်ဆိုရင်တော့ ကျွန်တော်တို့ ခြံရှင်တွေအတွက် ပိုပြီး အဆင်ပြေလာနိုင်သလို စိုက်ပျိုးသူတွေအနေနဲ့ ဆီသီးခိုင်အထွက်ကောင်းဖို့ ကြိုးစားဆောင်ရွက်လာမယ်။ အလေအလွင့်မရှိ စက်ရုံများကို အချိန်တိုအတွင်း ပို့ဆောင်နိုင်ရင် စရိတ်စက သက်သာလာပြီး ဝင်ငွေများလည်း တိုးပွားလာနိုင်ပါတယ်။"ဟု မြိတ်မြို့နယ်အတွင်း ဆီအုန်းစိုက်ပျိုးလုပ်ကိုင်နေသူ တစ်ဦးက ပြောကြားသည်။

ဒေသခံတောင်သူများနှင့် ကုမ္ပဏီများမှ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းကို ထိထိရောက်ရောက် စိုက်ပျိုးလုပ်ကိုင်ပါက ဆီအုန်းစတင်စိုက်ပျိုးသည့် အချိန်မှ (၅) နှစ်ခန့် ကြာလာသည့်အခါတွင် စီးပွားဖြစ် ဆွတ်ခူးနိုင်မည်ဖြစ်သည်။ နောက်ထပ် (၃) နှစ်လောက် ကာလအကြာတွင် အရင်းကြေကာလတစ်ခုကို ရောက်ရှိလာသည့်အပြင် နောက်ထပ်နှစ်ပေါင်း(၂၀) ကျော်ကြာ သည့်အထိ ဆီသီးခိုင်များ ထုတ်လုပ်နိုင်မည်ဖြစ်၍ ဝင်ငွေများလည်း ပိုမိုရရှိသွားမည့် စိုက်ပျိုးရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းတွင် ဆီကြိတ်စက်ရုံများ တည်ရှိမှုမှာ ထားဝယ်ခရိုင်တွင် (၁) ခု၊ မြိတ်ခရိုင်တွင် (၁) ခု၊ ဘုတ်ပြင်းခရိုင်တွင် (၂) ခုနှင့် ကော့သောင်းခရိုင်တွင် (၂) ခု စုစုပေါင်း ဆီကြိတ်စက်ရုံ (၆) ခု ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ မြန်မာနိုင်ငံတွင် ဆီအုန်းစိုက်ပျိုး အောင်မြင်ဖြစ်ထွန်းမှုတွင် တနင်္သာရီတိုင်းဒေသကြီး တစ်ခုတည်းသာရှိသောကြောင့် မြိတ်ခရိုင်၌ ဆီကြိတ်စက်ရုံနှင့် ဆီချောစက်ရုံ၊ ကော့သောင်းခရိုင်၌ ဆီချောစက်ရုံများ ဖြစ်ပေါ်လာရန် ကုမ္ပဏီများနှင့် ဒေသခံ ဆီအုန်းစိုက်ပျိုးသူ ခြံရှင်များက မျှော်လင့်နေကြကြောင်းသိရသည်။

Source: https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/6857-palm-oil-farm-in-myanmar.html

## အက်ခ်မက်-ကိုရီးယားစီမံကိန်း၏ တတိယအကြိမ်သင်တန်းအစီအစဉ်ဖြစ်သည့် “အုန်းသီးတန်ဖိုး မြှင့်ထုတ်ကုန် ထုတ်လုပ်ခြင်း နည်းပညာပေးသင်တန်း” ဖွင့်လှစ်ခြင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ၂၀၂၃ ခုနှစ်၊ မေလမှ ၂၀၂၄ ခုနှစ်၊ ဧပြီလအထိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် “ဧရာဝတီတိုင်းဒေသကြီးတွင် အလားအလာရှိသော ထုတ်ကုန်(အုန်းသီး)တန်ဖိုးကွင်းဆက်တစ်လျှောက် အဆင့်မြှင့်တင်ထုတ်လုပ်ခြင်းစီမံကိန်း”၏ လုပ်ငန်းအစီအစဉ်အရ “အုန်းသီးတန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ခြင်းနည်းပညာပေးသင်တန်း” ဖွင့်ပွဲကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့၊ နံနက် (၉:၀၀) နာရီအချိန်တွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတက် ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ စုစုပေါင်း (၆၀) ဦးတက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် သင်တန်းသားများအနေဖြင့် သင်တန်းမှ ပို့ချချက်များကို ပြန်လည်အသုံးချ၍ အုန်းသီးအခြေခံစားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ပြီး ပြည်တွင်းသာမက ပြည်ပသို့တင်ပို့နိုင်တဲ့အထိ အကျိုးကျေးဇူးရရှိနိုင်သောကြောင့် တတ်မြောက်အောင်သင်ကြားရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံမှထွက်ရှိသော အုန်းသီးအစိနှင့် အခြောက်များတင်ပို့မှုသည် ယခင်နှစ်ကထက်တင်ပို့မှု လျော့နည်းနေသောကြောင့် ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး ကြိုးပမ်းကြရမှာ ဖြစ်ကြောင်း၊ စီမံကိန်းမှ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များမှတစ်ဆင့် အုန်းသီးစိုက်ပျိုးထုတ်လုပ်သူများနှင့် အုန်းသီးထုတ်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ စီမံကိန်းမှ ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များ အောင်မြင်အောင်ပူးပေါင်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ သင်တန်းပို့ချခြင်းအစီအစဉ်ကို နံနက် (၁၀:၀၀) နာရီအချိန်တွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သင်တန်းခန်းမတွင် ဆက်လက်ဆောင်ရွက်ခဲ့သည်။

သင်တန်းတွင် အုန်းသီးအခြေခံ စားသောက်ကုန်ပစ္စည်းများဖြစ်သည့် အုန်းသီးရေခဲမုန့်၊ အုန်းစိမ်းဂျယ်လီ၊ အုန်းဆီ၊ အုန်းနို့မှုန့်၊ အုန်းသီးချိုချဉ်စသည်တို့ကို ပြုလုပ်ခြင်းနှင့် ရေချိုးဆပ်ပြာ၊ အုန်းမီးသွေးကဲ့သို့သော တန်ဖိုးမြှင့်အုန်းထုတ်ကုန်များ ပြုလုပ်ခြင်းတို့ကို ပြည်တွင်းကျွမ်းကျင်ပညာရှင်များက စာတွေ့လက်တွေ့သင်ကြား ပို့ချပေးမည်ဖြစ်ကြောင်းသိရှိရသည်။ သင်တန်းကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက် နေ့မှ ၄ ရက်နေ့အထိ (၃) ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ပြီး စုစုပေါင်း သင်တန်းသား (၃၄) ဦးတက်ရောက်ကြမည်ဖြစ်သည်။

သင်တန်းပထမနေ့တွင် သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးက အုန်းသီးတန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းကို စာတွေ့သင်ကြားပို့ချခြင်းနှင့် ထုတ်ကုန်များ စမ်းသပ်ထုတ်လုပ်ခြင်းကို လက်တွေ့သရုပ်ပြ သင်ကြားပို့ချခဲ့ကြောင်း သတင်းရရှိသည်။

သင်တန်းဒုတိယနေ့တွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သင်တန်းခန်းမတွင် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့၊ နံနက် (၉:၃၀) နာရီ အချိန်တွင် ဆက်လက်ကျင်းပခဲ့သည်။

သင်တန်းတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက သင်တန်းနည်းပြအဖြစ် ဆောင်ရွက်သော လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဌေးဌေးဝေက အုန်းသီးရေခဲမုန့်ပြုလုပ်ခြင်းအတွက် ပါဝင်သည့်ပစ္စည်းများနှင့် ပြုလုပ်နည်းတို့ကို စာတွေ့၊ လက်တွေ့သင်ကြားခဲ့သည်။ ဆက်လက်၍ အုန်းစိမ်းဂျယ်လီ၊ အုန်းသီးအချိုရည် ပြုလုပ်ခြင်း၊ အုန်းဆီနှင့် အုန်းနို့မှုန့်ပြုလုပ်ခြင်းတို့ကို လက်တွေ့သရုပ်ပြသင်ကြားခဲ့သည်။

သင်တန်းတတိယနေ့တွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သင်တန်းခန်းမတွင် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့၊ နံနက် (၉:၃၀) နာရီအချိန်တွင် ဆက်လက်ကျင်းပခဲ့သည်။

အဆိုပါသင်တန်းတတိယနေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါနှင့် တာဝန်ရှိသူများ၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးနှင့် တာဝန်ရှိသူများသည် သင်တန်းခန်းမသို့ လာရောက်၍ သင်ကြားပို့ချနေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။ ထို့နောက် သင်တန်းနည်းပြများ၊ သင်တန်းသားများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

တတိယနေ့ သင်တန်းအစီအစဉ်တွင် သင်တန်းနည်းပြအဖြစ်ဆောင်ရွက်သော မြန်မာနိုင်ငံအုန်းသီးစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှ ဥက္ကဋ္ဌ ဒေါ်စမ်းစမ်းဟန်က အုန်းသီးနုအရည်နှင့် အုန်းစိမ်းအသားများ ကိုအခြေခံ၍ ကျောက်ကျောမုန့်၊

သကြားတို့ဖြင့် ပေါင်းစပ်ပြီး အုန်းစိမ်းဂျယ်လီပြုလုပ်ခြင်း၊ အုန်းသီးချိုချဉ်နှင့် အုန်းသီး Gummy ချိုချဉ်ပြုလုပ်ခြင်းများကို စာတွေ့နှင့် သင်တန်းသားများ ကိုယ်တိုင်ပြုလုပ်နိုင်အောင် လက်တွေ့ သင်ကြားပေးခဲ့သည်။

သင်တန်းဆင်းပွဲအစီအစဉ်ကို ညနေ (၄)နာရီအချိန်၌ ကျင်းပခဲ့ရာတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်နှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တို့က သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ပြီး သင်တန်းအစီအစဉ်ကို ညနေ (၅)နာရီအချိန်တွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

Source: [https://myantrade.gov.mm/article/Nay%20Pyi%20Taw%20STP_2-10-2023%202:33%20PM](https://myantrade.gov.mm/article/Nay%20Pyi%20Taw%20STP_2-10-2023%202:33%20PM)

## အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း (Online Sales) လုပ်ငန်း မှတ်ပုံတင်နိုင်ရေး အသိပညာပေးအစီအစဉ်နှင့် eComReg System စနစ်ဖွင့်လှစ်ခြင်း အခမ်းအနား ရန်ကုန်မြို့၌ ကျင်းပ

အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာ အမှတ် (၅၀/၂၀၂၃)နှင့် (၅၁/၂၀၂၃)အရ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများ မှတ်ပုံတင် လက်မှတ်လျှောက်ထားနိုင်ရေးအတွက် မှတ်ပုံတင်လျှောက်ထားသည့်စနစ် မိတ်ဆက်ခြင်းနှင့် အသိပညာပေး အခမ်းအနား ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးသိန်းထွန်းဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအောင်ဇေယျာလွင်က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားခဲ့သည်။ ထို့နောက် စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထက်ဝင်းအောင်က အမိန့် ကြော်ငြာစာအမှတ် (၅၁/၂၀၂၃) ထုတ်ပြန်ထားရှိမှု အခြေအနေနှင့် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များကို လည်းကောင်း၊ ကုန်သွယ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွယ်နီဝင်းက အွန်လိုင်းစနစ်ဖြင့် ရောင်းချသူများ မှတ်ပုံတင်လက်မှတ်လျှောက်ထားရမည့် e-Commerce Registration (Online) System နှင့်စပ်လျဉ်း၍လည်းကောင်း၊ မှတ်ပုံတင်လက်မှတ်လျှောက်ထားရာတွင် လိုက်နာရမည့်ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံဒီဂျစ်တယ်စီးပွားရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်ဇေယျာလွင်က အွန်လိုင်းစနစ်ဖြင့် ရောင်းချသူများ (Online Sales) မှတ်ပုံတင်နိုင်ရေး ကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော စိတ်ပါဝင်စားသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ပြီး အခမ်းအနားသို့ စိတ်ပါဝင်စား သူ ၁၂၀၀ ဦးခန့် တက်ရောက်လေ့လာကြကြောင်း သိရှိရသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်(၅၁/၂၀၂၃)အရ အွန်လိုင်းစနစ်ဖြင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုရောင်းချသူများ အားလုံးသည် မှတ်ပုံတင်လက်မှတ် လျှောက်ထားရန် အကျုံးဝင်ပြီး မှတ်ပုံတင်လက်မှတ်လျှောက်ထားလိုသူသည် ရုံး၊ ဌာနများသို့ လူကိုယ်တိုင် လာရောက်ဆောင်ရွက်ရန်မလိုအပ်ဘဲ [www.ecomreg.gov.mm](http://www.ecomreg.gov.mm) မှတစ်ဆင့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့မှ စတင်၍ အွန်လိုင်းစနစ်ဖြင့် လျှောက်ထား ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ Source:[https://commerce.gov.mm/my/article/](https://commerce.gov.mm/my/article/)

## ပြည်ပနေနိုင်ငံသားများ၏ လစာဝင်ငွေခွန်ကို မိမိရရှိသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့် ပေးဆောင်ရ မည်ဖြစ်ပြီး သက်ဆိုင်ရာပြည်ပနိုင်ငံ၏ အခွန်ဥပဒေအရ ပေးဆောင်ခဲ့ရသော ဝင်ငွေခွန် ပမာဏကို ခုနှိမ်ခွင့် ရရှိမည်ဟု ပြည်တွင်းအခွန် ထုတ်ပြန်

ပြည်ပနေနိုင်ငံသားများ၏ လစာဝင်ငွေခွန်ကိုမိမိရရှိသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့် ပေးဆောင်ရမည်ဖြစ်ပြီး သက်ဆိုင်ရာပြည်ပနိုင်ငံ၏ အခွန်ဥပဒေအရ ပေးဆောင်ခဲ့ရသော ဝင်ငွေခွန်ပမာဏကို ခုနှိမ်ခွင့်ရရှိမည်ဟု ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပြန်ထားသည်။

ရသင့်ရထိုက်သောအခွန်ငွေများ လွတ်ကင်းမှုမရှိစေဘဲ အပြည့်အဝရရှိစေရန်နှင့် မြန်မာနိုင်ငံသားအားလုံး အခွန်တာဝန်ကို သာတူညီမျှ ထမ်းဆောင်နိုင်ကြစေရန် ရည်ရွယ်လျက် ယခင်ကပြည်ပနေနိုင်ငံသားများ၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့်ရရှိသည့် လစာဝင်ငွေအပေါ်ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုခဲ့ခြင်းကို ၂၀၂၃ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကို ပြင်ဆင်

သည့်ဥပဒေဖြင့် ၁.၁၀. ၂၀၂၃ ရက်မှစတင်၍ ပယ်ဖျက်ခဲ့သည်။ ထို့ပြင် အဆိုပါဥပဒေဖြင့် ပြည်ပနေနိုင်ငံသားများ၏ လစာဝင်ငွေအပေါ် တွက်ချက်ရမည့် ဝင်ငွေခွန်နှုန်းထား၊ ပေးဆောင်ရမည့် ဝင်ငွေခွန်ပမာဏသတ်မှတ်ရမည့်နည်းလမ်းနှင့် ပေးဆောင်ရမည့် ငွေကြေးအမျိုးအစား သတ်မှတ်ချက်တို့ကို ပြဋ္ဌာန်းခဲ့သည်။

သို့ဖြစ်ရာ ပြည်တွင်းအခွန်များဦးစီးဌာန ပြည်ပနေနိုင်ငံသားများ၏ လစာဝင်ငွေအပေါ်ဝင်ငွေခွန်ကောက်ခံမည့် အစီအစဉ်ကို အသိပေးကြေညာထားသည်။

ပြည်ပနေနိုင်ငံသားများအနေဖြင့် ပြည်ပတွင် နိုင်ငံခြားငွေဖြင့် ရရှိသည့်လစာဝင်ငွေအပေါ် ဝင်ငွေခွန် ပေးဆောင်ခြင်းနှင့် စပ်လျဉ်း၍ သိရှိရန်လိုအပ်သည့် အချက်များသည် အောက်ပါအတိုင်းဖြစ်သည်။

မိမိပေးဆောင်ရမည့်လစာဝင်ငွေပမာဏကို သိရှိနိုင်ရန် ပြည်တွင်းအခွန်များဦးစီးဌာန၏ website တွင် လစာဝင်ငွေခွန် တွက်ချက်ရန် (ပြည်ပနေနိုင်ငံသား) menu link မှတစ်ဆင့် ဝင်ရောက်တွက်ချက်နိုင်ကြောင်း သိရသည်။

လစာဝင်ငွေခွန်ပေးဆောင်နိုင်ရန် စနစ်အတွင်းသို့ အချက်အလက်များထည့်သွင်းခြင်းကို သက်ဆိုင်ရာ သံရုံးဝန်ထမ်းများ(သို့မဟုတ်)သက်ဆိုင်ရာအခွန်ရုံးဝန်ထမ်းများက ဆောင်ရွက်ပေးမည်ဖြစ်သည်။ စနစ်အတွင်းသို့ ထည့်သွင်းရန် လိုအပ်သည့် အချက်အလက်များမှာ လစာဝင်ငွေခွန် ပေးဆောင်သူ၏အမည်၊ နိုင်ငံကူးလက်မှတ် အမှတ်၊ နိုင်ငံသား စိစစ်ရေးကတ်အမှတ်၊ OWIC အမှတ် (သို့ မဟုတ်) CDC/ SIRB အမှတ်၊ နေရပ်လိပ်စာ စသည်တို့ဖြစ်သည်။

လစာဝင်ငွေခွန်ကို မိမိရရှိသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့်သာ ပေးဆောင်ရမည်ဖြစ်သည်။ အထက်ဖော်ပြချက်နှင့်အညီ တွက်ချက်သတ်မှတ်သည့်ပေးဆောင်ရမည့် ဝင်ငွေခွန်ပမာဏမှ သက်ဆိုင်ရာပြည်ပနိုင်ငံ၏ အခွန်ဥပဒေအရ ပေးဆောင်ခဲ့ရသည့် ဝင်ငွေခွန်ပမာဏကို ခုနှိမ်ခွင့်ရရှိမည်ဖြစ်သည်။

သာမန်အားဖြင့် သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံးတွင် passport သက်တမ်းတိုးချိန်၌ ပေးဆောင်ရမည်။ မိမိ၏ လစာဝင်ငွေနှင့် စပ်လျဉ်း၍အခွန်ဝန်ထုပ်ဝန်ပိုးမဖြစ်စေလို သူများအနေဖြင့် လစဉ်(သို့မဟုတ်)သုံးလ တစ်ကြိမ် (သို့မဟုတ်) နှစ်စဉ် သက်ဆိုင်ရာသံရုံးတွင် ပေးဆောင်လိုပါက ပေးဆောင်နိုင်သည်။ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီး မှ ပေးဆောင်ခြင်းဖြစ်ပါက သက်ဆိုင်ရာမြို့ နယ်အခွန်ဦးစီးဌာနမှူးရုံးတွင် ပေးဆောင်ရမည်ဖြစ်သည်။

သက်ဆိုင်ရာ ဝင်ငွေနှစ်အတွက် အခွန်ပေးဆောင်ပြီးပါက သက်ဆိုင်ရာသံရုံး/ မြို့နယ်အခွန်ဦးစီး ဌာနမှူးရုံးမှ QR Code ပါဝင်သည့် အီလက်ထရွန်နစ် ငွေရပြေစာနှင့် ပြည်ပနေနိုင်ငံသား၏ လစာဝင်ငွေခွန် ပေးသွင်းခြင်းဆိုင်ရာ အထောက်အထားလက်မှတ်တို့ကို ပြန်လည်ထုတ်ပေးမည်ဖြစ်သည်။

ပြည်ပနေ နိုင်ငံသားများအနေဖြင့် မိမိ ၏လစာဝင်ငွေအပေါ် ဝင်ငွေခွန်တွက်ချက် ပေးဆောင်ခြင်းသည် မိမိတို့နိုင်ငံသားများအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေး အစရှိသည့် ပြည်သူ့အကျိုးပြု လုပ်ငန်းများအား တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့ခြင်းပင်ဖြစ်သည်။ ထို့ပြင် လစာ ဝင်ငွေခွန်ပေးသွင်းထားသည့် ပြည်ပနေနိုင်ငံ သားများအနေဖြင့် မိမိနိုင်ငံတွင် အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း၊ မော်တော်ယာဉ်အစရှိသည့် အခြေပစ္စည်းများ ဝယ်ယူခြင်းအတွက် ဝင်ငွေရလမ်းစိစစ်မှုခံယူချိန်တွင် ပြည်ပနေနိုင်ငံသား၏လစာဝင်ငွေခွန်ပေးသွင်းခြင်းဆိုင်ရာအထောက်အထားလက်မှတ်တင်ပြ၍ အထောက်အထားလက်မှတ်ပါ ဝင်ငွေပမာဏကို ဝင်ငွေရလမ်း(ငွေဖြူ)အဖြစ် ခံစားခွင့်ရှိမည်ဖြစ်သည်။ အဆိုပါအထောက်အထား တင်ပြနိုင်သည့် ပမာဏအထိဝင်ငွေခွန်ကျသင့်မည်မဟုတ်ဟု သိရသည်။ Source: https://news-eleven.com/article/254813

## ပြည်ပကုန်သွယ်မှုသတင်း

### ပြည်ပဈေးကွက်သို့ မြန်မာ့ဆန်တင်ပို့မှု ပြန်လည်အားကောင်းမည်

လာမည့်အောက်တိုဘာလမှစတင်ပြီး ပြည်ပဈေးကွက်ထံ မြန်မာ့ဆန်တင်ပို့မှုပြန်လည်အားကောင်းလာမည် ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF) တာဝန်ရှိသူကပြောသည်။ "တကယ်တင်ပို့မဲ့ အချိန်ကတော့ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်၊ ဒီ ၆ လက ဆန်စပါးတင်ပို့မဲ့ အားအကောင်းဆုံးအချိန် ကာလပဲ ဖြစ်ပါတယ်" ဟု (MRF) ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

လက်ရှိ မိုးတွင်းကာလမှာ ဆန်ပြည်ပတင်ပို့မှု လျော့နည်းနေပြီး တစ်ဖက်မှာလည်း သင်္ဘောတင်ဖြစ်သလို သိုလှောင်မှုအပိုင်းမှာလည်း အစိုဓာတ်ဖြစ်ပေါ်မှုတွေရှိနေသည်။ ၂၀၂၃ ခုနှစ် မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်မှာတော့ ဆန်၊ ဆန်ကွဲ တန်ချိန် ၃ သိန်းကျော်၊ ၄ သိန်းနီးပါး တင်ပို့ထားကြောင်း သိရသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အတွင်း ပြည်ပနိုင်ငံတွေထံ ဆန်၊ ဆန်ကွဲ တန်ချိန် ၂ ဒသမ ၅သန်း ရောင်းချနိုင်ဖို့ ရည်မှန်းထားပြီး အဲ့ဒီကနေ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံရရှိဖို့ မျှော်လင့်ထားသည်။

အိန္ဒိယ၏ ကမ္ဘာ့ဈေးကွက်ထဲ ဆန်ရောင်းချမှုကန့်သတ်လိုက်ခြင်းကြောင့် ထိပ်တန်းဆန်တင်ပို့သူတွေဖြစ်တဲ့ ထိုင်းနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံအပါအဝင် မြန်မာ့ဆန်ဈေးနှုန်းတွေလည်း မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်

ရေးဝန်ကြီးဌာနက ပြည်ပတင်ပို့မည့် ဆန်နှင့်ဆန်ထွက်ပစ္စည်းတွေကို ကြိုတင်စိစစ်ပြီး ၁၀၀ ရာခိုင်နှုန်းအသင့်ရှိမှ ပို့ကုန်လိုင်စင် ခွင့်ပြုတဲ့စနစ်ကို ကျင့်သုံးနေခြင်းဖြစ်သည်။ Source: မကွေးဂျာနယ်

Source:https://myantrade.gov.mm/article/naypyitaw_28092023_335

## တစ်ပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဒေါ်လာ ၅ ဒသမ ၅၇၀ သန်းကျော် တန်ဖိုးရှိသည့် ဆေးဝါးပစ္စည်းတန်ချိန် ၅၀၀ ခန့် တင်သွင်း

တစ်ပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဒေါ်လာ ၅ ဒသမ ၅၇၀ သန်း ကျော်တန်ဖိုးရှိသည့် ဆေးဝါးပစ္စည်းတန်ချိန် ၅၀၀ ခန့် တင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဒေါ်လာ ၅ ဒသမ ၅၇၀ သန်း တန်ဖိုးရှိ ဆေးဝါးပစ္စည်းများတန်ချိန် ၅၀၀ ခန့် တင်သွင်းခဲ့သည်။

အဆိုပါကာလတွင် အာဂျင်တီးနား၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဆိုက်ပရပ်စ်နိုင်ငံ၊ အီကွေဒေါနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိုင်ယာလန်နိုင်ငံ၊ အီတလီနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ စပိန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ပေါ်တူဂီနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်နိုင်ငံတို့မှ တင်သွင်းခဲ့ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဒေါ်လာ ၃၈ ဒသမ၂၀၁ သန်း တန်ဖိုးရှိဆေးဝါးပစ္စည်းများ တန်ချိန် ၂၀၀၀ ကျော် တင်သွင်းခဲ့သည်။ ယခုတစ်ပတ်တွင် အာဂျင် တီးနား၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ဆိုက်ပရပ်စ်နိုင်ငံ၊ အီကွေဒေါနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိုင်ယာလန်နိုင်ငံ၊ အီတလီနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ စပိန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ပေါ်တူဂီနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်တို့မှ တင်သွင်းခဲ့ကြောင်းသိရသည်။ အနီးစပ်ဆုံး ကာလနှင့်နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ ဆေးဝါးပစ္စည်းများ တန်ချိန် ၁၀၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် ဩဂုတ် ၁၂ ရက်မှ ၁၈ ရက်အထိတစ်ပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဒေါ်လာ ခုနစ်သန်းကျော် တန်ဖိုးရှိ ဆေးဝါးပစ္စည်းတန်ချိန် ၅၀၀ ခန့် တင်သွင်းခဲ့ပြီး ယခင်တစ်ပတ်ထက် တန်ချိန် ၁၀၀ ခန့် လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါကာလအတွင်း အာဂျင်တီးနား၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဆိုက်ပရပ်စ်နိုင်ငံ၊ အီကွေဒေါနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိုင်ယာလန်နိုင်ငံ၊ အီတလီနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ စပိန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ပေါ်တူဂီနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်နိုင်ငံတို့မှ တင်သွင်းခဲ့ကြောင်း၊ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ ဆေးဝါး တန်ချိန်၁၀၀ခန့် လျော့နည်း တင်သွင်းခဲ့သည်။

၂၀၂၃ ခုနှစ် ဇူလိုင်လအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဒေါ်လာ ၂၃ သန်း နီးပါးတန်ဖိုးရှိ ဆေးဝါးပစ္စည်းတန်ချိန် ၉၀၀ ကျော် တင်သွင်းခဲ့ပြီး ယခင်လထက် တန်ချိန် ၁၀၀၀ ခန့် လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှသိရသည်။ Source: https://news-eleven.com/article/254450

## ယခုနှစ် တရုတ်နိုင်ငံသို့ ပြည်တွင်းမှ ဖရဲသီးတန်ချိန် တစ်သိန်းကျော် တင်ပို့ခဲ့

ပြည်တွင်းမှတရုတ်ဈေးကွက်သို့ဖရဲသီးများတင်ပို့ခဲ့ရာတွင် ယခုနှစ်၌ဖရဲသီးတန်ချိန် တစ်သိန်းကျော်တင်ပို့နိုင်ခဲ့ကြောင်း သစ်သီးဝလံကုန်စည်ဒိုင်(မူဆယ်)မှ သိရသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လကုန်ထိ ၈ လတာအတွင်း မူဆယ်နယ်စပ်ကုန်သွယ်ရေးမှ တရုတ်ဈေးကွက်သို့ ဖရဲသီးတန်ချိန် ၁၁၃၀၀၀ ကျော်ကို ကုန်တင်ယာဉ် အစီးရေ ၇၀၀၀ ကျော် တင်ပို့ခဲ့ခြင်းဖြစ်သည်။

"ဖရဲသီးကိုပြည်တွင်းကနေ တရုတ်ဘက်တင်ပို့ရာမှာ လက်ရှိအခြေအနေအရ ဈေးကွက်ကမကောင်းဘူး။ ဘာလို့လဲဆိုတော့ တရုတ်ဘက်ကလည်း ဖရဲသီးတွေအထွက်များနေတာကြောင့် ကျွန်တော်တို့ဘက်က ဖရဲသီးကဈေးကောင်းမရတာဖြစ်ပါတယ်"ဟု (မူဆယ်)ဖရဲသီးပွဲရုံ တစ်ခုမှပြောသည်။

ပြည်တွင်း၌နိုဝင်ဘာမှဇူလိုင်လအတွင်းဖရဲသီးလှိုင်လှိုင်ထွက်ပေါ်ချိန်ဖြစ်၍ထိုအချိန်၌တရုတ်စျေးကွက်တွင် စျေးကောင်းရရှိခဲ့သော်လည်း ငွေစျေးအပေါ်မူတည်၍ စျေးနှုန်းအပြောင်းအလဲရှိကြောင်း တရုတ်ဘက်သို့တင်ပို့ရာတွင် ဝန်ဆောင်ခနှင့် စစ်ဆေးခများမှာ ယွမ် ၉၀၀ ဝန်းကျင် ကျသင့်ပြီး အကောက်ခွန်ကြေး မပါဝင်သေးကြောင်းသိရသည်။

"လက်ရှိမှာ စက်သုံးဆီစျေးနဲ့ တခြားစရိတ်တွေက ကုန်ကျမှုများပြားလို့ မူဆယ်အရောက်ဆိုရင် ဖရဲသီးတစ်တန်ကို ကုန်ကျစရိတ်များတယ်။ ဖရဲသီးအရည်အသွေးကောင်းပြီး စျေးကွက်ကောင်းမှ တင်ပို့သူတွေမှာ နည်းနည်းပဲမြတ်တယ်။ အဲလို မဟုတ်ရင် အရှုံးနဲ့ ရင်ဆိုင်ရတယ်"ဟု ဖရဲသီးကုန်သည်တစ်ဦးက ပြောသည်။

တရုတ်ဘက်တွင်လည်း ဖရဲသီးများ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုအချိန်၌ ၎င်းတို့စိုက်ပျိုးသည့် ဖရဲသီးများ လှိုင်လှိုင်ပေါ်ချိန်ဖြစ်၍ ဝယ်လက်များက ပြည်တွင်းမှတင်ပို့သော ဖရဲသီးများကို လာဝယ်သူမရှိသလောက်နည်းပါနေကြောင်း၊ လက်ရှိတွင် ပြည်တွင်း၌ ကျောက်စိမ်းဖရဲသီးများ စတင်ထွက်ပေါ်နေပြီး တရုတ်ဘက်သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

"ဒီရက်ပိုင်းမှာ ဖရဲသီးက စျေးကောင်းမရတာရယ် အထွက်နည်းသေးတာကြောင့်ရယ် မူဆယ်ကို ဖရဲကား တစ်နေ့ တစ်စီး၊ နှစ်စီးပဲ ဝင်လာတယ်"ဟု သစ်သီးဂလံ ကုန်စည်ဒိုင်(မူဆယ်)မှ သိရသည်။

ပြည်တွင်းမှ ဖရဲသီးများသည် အောက်တိုဘာလကုန်မှစ၍ လှိုင်လှိုင်ထွက်ပေါ်မည်ဖြစ်သည်။ တရုတ်စျေးကွက်သို့ အပြိုင်အဆိုင်ဝင်ရောက်လာမည်ဖြစ်ရာ အရည်အသွေးကောင်းမွန်သော ဖရဲသီးများတင်ပို့မှသာ စျေးကောင်းရရှိနိုင်မည်ဟုဆိုသည်။

Source : Magway Journal,

Source: Commercial News

## ရုရှားနိုင်ငံက မြန်မာ့ကော်ဖီများကိုဝယ်ယူရန် စီစဉ်ဆောင်ရွက်နေ

ရုရှားနိုင်ငံက မြန်မာ့ကော်ဖီများကိုဝယ်ယူရန် စီစဉ်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံကော်ဖီအသင်း၏ သတင်းများအရသိရသည်။ ရုရှားနိုင်ငံသည် မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးမိတ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်က ပို့ကုန် အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၀၁ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၇ ဒသမ ၁၅၇ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၇၅၈ သန်းဖိုးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင်လည်း ဧပြီလမှ ဩဂုတ်လကုန်ထိ ငါးလတာကာလအတွင်းတွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၉၈၈ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၈၉၁ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၈၇၉ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှ ဆန်၊ ဆန်ကွဲ၊ ပြောင်းနှင့်ပဲတီစိမ်း စသည့်လယ်ယာထွက်ကုန်များကို တိုးမြှင့်ဝယ်ယူနေကြောင်း၊ လက်ရှိတွင် ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှ ကော်ဖီများကိုလည်းဝယ်ယူရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

ရုရှားနိုင်ငံအနေဖြင့် ရုရှားနိုင်ငံအတွင်းရှိ လက်လီအရောင်းဆိုင်များတွင် မြန်မာ့ကော်ဖီများကို အမြဲတမ်းကော်ဖီအမျိုးအစားအဖြစ်မိတ်ဆက်ပေးပြီး မြန်မာနိုင်ငံမှ ကော်ဖီများကိုဝယ်ယူရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ရုရှားနိုင်ငံက မြန်မာနိုင်ငံ၏ကော်ဖီများကိုဝယ်ယူရန်အတွက် လက်ရှိတွင် ရုရှားနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Maxim Reslictnikov က နိုင်ငံအတွင်းရှိ လက်လီဆိုင်များ၌ မိတ်ဆက်ပြသထားသည့်အပြင် ဝယ်ယူရန်အတွက်လည်း ကမ်းလှမ်းဆောင်ရွက်ထားကြောင်း သိရသည်။

ထို့ကြောင့် လာမည့်ကော်ဖီရာသီတွင် တင်ပို့ရောင်းချပေးနိုင်ရေးစီစဉ်ဆောင်ရွက်နေပြီး မြန်မာ့ကော်ဖီများသည် နိုင်ငံတကာစျေးကွက်များတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၀၀ မှ ၈၃၀၀ ထိ စျေးနှုန်းရရှိကြောင်း၊ မြန်မာနိုင်ငံမှ နှစ်စဉ်ကော်ဖီတန်ချိန် ၈၀၀၀ မှ ၁၀၀၀၀ ထိထွက်ရှိနေသော်လည်း ပြည်ပသို့ ကုန်ကြမ်းအဖြစ်သာ တင်ပို့ရောင်းချပေးနေရကြောင်း၊ ပြည်ပဖောက်သည်စျေးကွက်နိုင်ငံများက မြန်မာ့ကော်ဖီများကို ဝယ်ယူကာကုန်ချောအဖြစ်အဆင့်မြှင့်ပြီး ပြန်လည်ဖြန့်ဖြူးရောင်းချပေးနေကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းမှသိရသည်။ Source: ရတနာပုံသတင်းစာ

Source:https://myantrade.gov.mm/article/naypyitaw_02102023_1112

# အထူးဆောင်းပါးများ

## ဂျာမနီတွင် ဆောက်လုပ်ရေးဆိုင်ရာ တင်းကျပ်သော စည်းမျဉ်းများအား ဖျက်သိမ်း

ဂျာမန်အစိုးရသည် နိုင်ငံအတွင်းတဖြည်းဖြည်း ကြီးထွားလာနေသောအိမ်ရာအကျပ်အတည်းကိုဖြေရှင်းနိုင်ရေးအတွက် အချက်(၁၄)ချက်ပါ အစီအစဉ်တစ်ခုကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်တွင် သဘောတူခဲ့သည်။

ဆောက်လုပ်ရေးနှင့်အိမ်ရာလုပ်ငန်းများတွင် စိတ်ဓာတ်ကျဖွယ်ကောင်းသောအခြေအနေနှင့် ရင်ဆိုင်နေရသည့်အတွက် ဝန်ကြီးချုပ် Mr.Olaf Scholz နှင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ အစိုးရခေါင်းဆောင်များသည် အရေးကြီးအစည်းအဝေး တစ်ခုကိုကျင်းပခဲ့ပြီး ယင်းအစည်းအဝေး ကျင်းပသည့်နေ့၌ အဆိုပါအစီအစဉ် ထွက်ပေါ်လာခဲ့သည်။

ဂျာမနီတွင် လူအများစုဝယ်ယူနိုင်သောအိမ်ရာများကို ဆောက်လုပ်ရမည်ဖြစ်ကြောင်း၊ သို့မှသာအိမ်ရာဆောက်လုပ်ရေး ကဏ္ဍ၌ ပိုမိုတိုးချဲ့လုပ်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း ဘာလင်တွင် ဂျာမန်ဆောက်လုပ်ရေးလုပ်ငန်းမှ ကိုယ်စားလှယ်များနှင့် ပြုလုပ်ခဲ့သောအိမ်ရာအကျပ်အတည်းကိစ္စနှင့်စပ်လျဉ်းသည့်အစည်းအဝေးအပြီးတွင်ဝန်ကြီးချုပ်Mr.Scholzကပြောကြားခဲ့သည်။

Mr. Scholz က အိုးအိမ်၊ မြို့ပြဖွံ့ဖြိုးရေးနှင့် ဆောက်လုပ်ရေးဝန်ကြီး Ms. Klara Geywitz နှင့် စကားပြောဆိုခဲ့စဉ်တွင် အဆောက်အဦများဆောက်လုပ်ခြင်းလုပ်ငန်းများ၌ မသေချာမရေရာဘဲ ထိန်းချုပ်ကန့်သတ်မှုများ ပြုလုပ်နေမှုများအပေါ် ၎င်း၏ အစိုးရအဖွဲ့သည် EH40 စွမ်းအင်ချွေတာရေးစံနှုန်းကို ဖြေလျှော့ပေးပြီး အဆောက်အဦများတည်ဆောက်မှုအတွက် လိုအပ်သော တင်းကျပ်သည့် အစီအမံများအား ချမှတ်ဆောင်ရွက်သွားလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

The center-left Social Democrats (SPD), environmentalist Greens နှင့် neoliberal Free Democrats (FDP) တို့ပါဝင်သော ညွန့်ပေါင်းအစိုးရအဖွဲ့က ၂၀၂၅ ခုနှစ်မတိုင်မီ H40 စံချိန်စံညွှန်းနှင့်အညီ ဖြစ်ပေါ်လာရေးကိစ္စအပေါ် သဘောတူ ထားခဲ့ကြပါသည်။ EH40 သည် အဆောက်အဦ တစ်ခုအတွက် လိုအပ်မည့်စွမ်းအင်၏ အကျိုးသက်ရောက်မှုကိုပြသော အတိုင်း အတာတစ်ခုဖြစ်ပါသည်။ သို့သော်လည်း အတိုးနှုန်းများ မြင့်တက်လာခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအတွက် ကုန်ကျစရိတ်များ မြင့်တက်လာခြင်းတို့ကြောင့် ဆောက်လုပ်ရေးနှင့်အိမ်ရာလုပ်ငန်းများတွင် လက်ရှိအချိန်၌ အခက်အခဲများနှင့် ရင်ဆိုင်နေကြရသဖြင့် EH40ကို အဆောက်အဦအသစ်များအတွက် မဖြစ်မနေလိုအပ်သော တရားဝင်စံနှုန်းအဖြစ် ဥပဒေပြုရေး ကာလတွင် ထည့်သွင်းခြင်းမပြုတော့ဘဲ ချန်လှပ်ထားလိမ့်မည်ဖြစ်ကြောင်း ညွန့်ပေါင်းအစိုးရအဖွဲ့၏ မူဝါဒစာတမ်းအသစ်တွင် ဖော်ပြထားသည်။

အတိုးနှုန်းနှင့် ငွေကြေးဖောင်းပွမှုမြင့်မားလာခြင်းတို့သည် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လေးလံသော ဝန်ထုပ် ဝန်ပိုးတစ်ခုဖြစ်သည်ဟု ဂျာမန်စီးပွားရေးဝန်ကြီး Robert Habeck ၏ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ရက်က ပြောကြားချက်ကို Reuters သတင်းဌာနက ကိုးကားဖော်ပြခဲ့သည်။ လျှပ်စစ်အသုံးပြုမှု ချွေတာကာကွယ်ရေးဆိုင်ရာ အစီအစဉ်များသည် မူလ ကပင် လျော့ရဲကျဆင်းနေသော ဆောက်လုပ်ရေးဈေးကွက်အား ပိုမိုထိခိုက်သွားစေလိမ့်မည်ဟု ဆောက်လုပ်ရေးလုပ်ငန်းများက ထောက်ပြပြောကြားလျက်ရှိသည့်အတွက် အဆိုပါအစီအစဉ်များကို ဆိုင်းငံ့ထားနိုင်ပါကြောင်း ဂျာမန်စီးပွားရေးဝန်ကြီးက မှတ်ချက်ပြုခဲ့သည်။ အစိုးရအနေဖြင့် ယခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ ကာလများအတွင်း အဆိုပါကဏ္ဍ၌ ယူရို ၁၈ ဘီလီယံ (အမေရိကန်ဒေါ်လာ၁၉ ဒသမ ၀၆ ဘီလီယံ)ခန့် စံချိန်တင်ရင်းနှီးမြှုပ်နှံရန် စီစဉ်နေကြောင်းပြောကြားခဲ့သည်။

အခြားသောအစီအမံများတွင်ရာသီဥတုနှင့် လိုက်လျောညီထွေရှိစေရေးအတွက်ရပ်ကွက်ငြင်းလောင်စာ အပူပေးစနစ်များကို အစားထိုးနိုင်ရန် ရည်ရွယ်လျက် လက်ခံနိုင်သော ကြွေးမြီပမာဏများထဲမှ ရာသီဥတုအတွက် သီးခြားအစီအစဉ် တစ်ခုအနေဖြင့် တိုးချဲ့သုံးစွဲသွားနိုင်ရေးကိစ္စပါဝင်သည်။

ပတ်ဝန်းကျင်စံချိန်စံနှုန်းများကို သက်သာခွင့်ပေးသကဲ့သို့ အိမ်ရာများ ဆောက်လုပ်ရာတွင်လည်း အစီအစဉ်တကျ ဆောက်လုပ်နိုင်ရန် အသင့်စီမံထုတ်လုပ်ထားသော အစိတ်အပိုင်းများဖြင့် ဆောက်လုပ်ခြင်းကလည်း အလုံးစုံချွေတာမှုအတွက် အဓိကကျသော လုပ်ဆောင်ချက်တစ်ခုဖြစ်ကြောင်း ဝန်ကြီးချုပ် Scholzက ပြောကြားခဲ့သည်။

ယခင် EH40 အစီအစဉ်သည် ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် ကုန်ကျစရိတ်များ မြင့်တက်လာခြင်းကြောင့် လပေါင်းများစွာ အပြင်းအထန် ဝေဖန်ခြင်းခံခဲ့ရပြီးဖြစ်သည်။

အတိုးနှုန်းများ ကျဆင်းနေစဉ်တွင် ဖယ်ဒရယ်၊ ပြည်နယ်နှင့် ဒေသန္တရအဆင့်များ၌ စံသတ်မှတ်ချက်ထက် ပိုမိုမြင့်မား ကောင်းမွန်သောအိမ်ရာများ ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း အိုးအိမ်ဝန်ကြီး Ms. Klara Geywitz (SPD) က ပြည်သူ့အသံလွှင့်ဌာန ARD သို့ ပြောကြားခဲ့သည်။

ယခုအချိန်တွင် ဆောက်လုပ်ရေးလုပ်ငန်းများ၌ စံချိန်စံနှုန်းများကို တတ်နိုင်သမျှလျှော့ချပြီး ကုန်ကျစရိတ်များပါ လျှော့ချရမည်ဖြစ်ကြောင်း အစိုးရအဆင့် သုံးဆင့်စလုံးက နားလည်သဘောပေါက်ထားပြီး ဖြစ်သည်။

အဆိုပါ ကိုင်တွယ်ဖြေရှင်းမှုပုံစံအသစ်သည် လက်ရှိအခြေအနေကိုများစွာ ပြောင်းလဲသွားအောင် ဆောင်ရွက်နိုင်လိမ့် မည်ဖြစ်ကြောင်း Ms. Geywitz က ပြောကြားခဲ့သည်။ အစိုးရကကူညီဆောင်ရွက်ပေးမည့်စီမံကိန်းများထဲတွင် ရုံးခန်းနှင့် ဆိုင်ခန်းနေရာများကို အိမ်ရာအဖြစ် ပြောင်းလဲပေးမည့်အစီအစဉ်အပြင် အသစ်တည်ဆောက်မှုများထက် လက်ရှိ အဆောက် အအုံများအား ပြုပြင်မွမ်းမံသည့်နေရာတွင် တစ်စိတ်တစ်ဒေသ ထောက်ပံ့ပေးမည့် အစီအစဉ်များလည်း ပါဝင်သည်။

ဤရန်ပုံငွေများသည် ပြည်ထောင်စုဘတ်ဂျက်(Federal Budget)တွင်မပါဝင်ဘဲ သီးခြား ရန်ပုံငွေဖြစ်သော ရာသီဥတုနှင့် အသွင်ကူးပြောင်းရေးရန်ပုံငွေဟု အမည်ရသည့် ရန်ပုံငွေခေါင်းစဉ် အောက်မှ သုံးစွဲရမည်ဖြစ်သည်။

ဂျာမန်အိမ်ခြံမြေဈေးနှုန်းများသည် ဆိုးရွားသောကျဆင်းမှုများနှင့် ရင်ဆိုင်နေရပြီး၊ ယခုနှစ်တွင် ကျဆင်းခဲ့သော ဈေးနှုန်းများသည် မှတ်တမ်းများစတင်ထားရှိခဲ့သော ၂၀၀၀ ပြည့်နှစ်မှ ယခုအချိန် အထိကာလအတွင်း အဆိုးရွားဆုံး ကျဆင်းမှုဖြစ်ခဲ့ကြောင်း Federal Statistics Office မှ ထုတ်ပြန်သော အချက်အလက်များအရ သိရှိရသည်။

ဥရောပ၏ အကြီးဆုံးစီးပွားရေးဖြစ်သော ဂျာမနီတွင် ဆောက်လုပ်ရေးလုပ်ငန်းများ၏ ဈေးနှုန်းများသည် ယခုနှစ်၌ ၉ ရာခိုင်နှုန်းနီးပါး မြင့်တက်လာခဲ့သဖြင့် ဇူလိုင်လတွင် တိုက်ခန်းများ ဆောက်လုပ်ခွင့်ပါမစ်များသည် ယမန်နှစ် အလားတူလနှင့် နှိုင်းယှဉ်ပါက ၃၁ ဒသမ ၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ကြောင်း ကိန်းဂဏန်းအချက်အလက်များက ဖော်ပြနေသည်။

အစိုးရ၏ အစီရင်ခံစာတွင် အဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားမှုများ တစ်နှစ်ထက်တစ်နှစ် ကျဆင်းလာခဲ့ကြောင်းနှင့် ၂၀၂၃ ခုနှစ်၏ ပထမနှစ်ဝက်တွင် ၂၇ ရာခိုင်နှုန်းအထိကျဆင်းသွားခဲ့ကြောင်း ဖော်ပြထားသည်ကိုတွေ့ရှိရသည်။ ညွန့်ပေါင်းအစိုးရအဖွဲ့၏ သဘောတူညီချက်တွင် အစိုးရက တစ်နှစ်လျှင် တိုက်ခန်းအသစ် (၄၀၀,၀၀၀)ခန့် ဆောက်လုပ်ရန် လျာထားခဲ့သော်လည်း ယနေ့အထိ ရည်မှန်းချက်သို့ရောက်ရှိရန် အလှမ်းကွာဝေးနေသေးကြောင်း သိရှိရသည်။

The Germany Property Federation (ZIA) သည် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်က ထုတ်ပြန်ခဲ့သော ကြေညာချက်နှင့်စပ်လျဉ်း၍ စိတ်အားထက်သန်လျက်ရှိနေသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ၊ အခွန်ကောက်ခံမှုဖြတ်တောက်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အစိုးရ၏ လက်တွေ့ကျသော လုပ်ဆောင်ချက်အသစ်သည် ယခင်ဆွေးနွေးပွဲများတွင် အားထုတ်ရကျိုးနပ်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ပြောကြားထားပါသည်။ The German branch of Friends of the Earth (BUND) ကဲ့သို့သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းများကမူ ယင်းထုတ်ပြန် ချက်အပေါ် စိတ်လှုပ်ရှားမှု သိသာစွာ နည်းပါးခဲ့သည်။

အစိုးရ၏ အဆောက်အဦအသစ်နှင့် လူနေထိုင်မှုအစီအစဉ်သည် သင့်တင့်မျှတသော အိမ်ရာနှင့် အနာဂတ်ဂေဟစနစ်အတွက် ဦးတည်ဆောင်ရွက်ခြင်းမဟုတ်ဘဲ ရုတ်တရက် ကြုံတွေ့လာနိုင်သည့် ကပ်ဘေးအတွက် ဦးတည်နေကြောင်း BUND အဖွဲ့၏ CEO ဖြစ်သူ Antje von Broock က ပြောကြားခဲ့သည်။ ညွန့်ပေါင်းအစိုးရအဖွဲ့၏ အစီအစဉ်သည် နိုင်ငံသားများအား ရာသီဥတုကပ်ဆိုးဆီသို့ ဆက်လက်တွန်းပို့သွားမည်ဖြစ်ပြီး၊ ၎င်းတို့အသုံးပြုနေရသော အပူပေးစနစ်အတွက် ကျသင့်ငွေများ မည်ကဲ့သို့ပေးဆောင်ရမည်ကို မသိသူများပိုမိုများပြားလာလိမ့်မည်ဟု ၎င်းကထပ်လောင်းပြောကြားထားသည်ကိုတွေ့ရှိရသည်။

Source: https://www.dw.com/en/germany-to-scrap-plan-for-tougher-building-rules/a-66914023

(စီးပွားရေးသံမှူး၊ ဘာလင်မြို့) Source: https://myantrade.gov.mm/article/Naypyitawstp_280920231038

## ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ရန်ကိစ္စ အသိပေးကြေညာချက်

အာရှနိုင်ငံများသို့ တင်ပို့သည့်ပို့ကုန်များအတွက် ပို့ကုန်ရငွေကို တင်ပို့သည့်နေ့မှ (၄၅) ရက်အတွင်း လည်းကောင်း၊ အာရှနိုင်ငံများမှအပ အခြားနိုင်ငံများသို့တင်ပို့သည့် ပို့ကုန်များအတွက် ပို့ကုန်ရငွေကိုတင်ပို့သည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်း လည်းကောင်း မြန်မာနိုင်ငံအတွင်းရှိ ပို့ကုန်တင်ပို့သူ၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားငွေဖြင့် မပျက်မကွက်တည့်သွင်းရန်နှင့် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း စိစစ်တွေ့ရှိရပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၂ဖြင့်ထုတ်ပြန်ထားပါသည်။

အဆိုပါသတ်မှတ်ချက်အရ ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ခြင်းမရှိသည့် ကုမ္ပဏီများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) မြန်မာနိုင်ငံဗဟိုဘဏ်သည် ပြည်ပပို့ကုန်တင်ပို့ပြီးနောက် သတ်မှတ်ကာလအတွင်း ပို့ကုန်ရငွေ ပေးသွင်းရန်ကျန်သည့် ကုမ္ပဏီစာရင်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ပေးပို့ခြင်း၊ တစ်ချိန်တည်းတွင် သက်ဆိုင်ရာ AD ဘဏ်များသို့ အကြောင်းကြားခြင်း။

(ခ ) ကုန်သွယ်ရေးဦးစီးဌာနသည် အဆိုပါကုမ္ပဏီစာရင်းကို ပို့ကုန်ရငွေပြန်လည်ပေးသွင်းနိုင်ရေး အတွက် UMFCCI သို့ ထပ်မံအကြောင်းကြားခြင်း။

(ဂ ) ကုန်သွယ်ရေးဦးစီးဌာနကကုမ္ပဏီများသို့ အသိပေးအကြောင်းကြားပြီးနောက် ရက်သတ္တ(၂)ပတ်အတွင်း ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ခြင်းမရှိသည့်ကုမ္ပဏီများကိုပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ပိတ်သိမ်းခြင်း။

(ဃ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ကြောင်း စာရင်းရှင်းလင်းပြီးသည့် ကုမ္ပဏီများစာရင်းကို ကုန်သွယ်ရေးဦးစီးဌာနသို့ အကြောင်းကြားလာပါက ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင် ပြန်လည်ဖွင့်လှစ်ပေးခြင်း။

သို့ဖြစ်ပါ၍ စာရင်းရှင်းလင်းမှုမရှိသည့် ကုမ္ပဏီများအား အထက်ပါအစီအမံအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ပိတ်သိမ်းပြီးသည့်တိုင် စာရင်းရှင်းလင်းမှုမရှိသည့်ကုမ္ပဏီများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၄၂ (က)အရလည်း အရေးယူ သွားမည်ဖြစ်သဖြင့် ပို့ကုန်တင်ပို့သူ များအနေဖြင့် ပို့ကုန်ရငွေများကို သတ်မှတ်ကာလအတွင်း အပြီးပေးချေသွားကြရန် အသိပေးအပ်ပါသည်။

Source: https://commerce.gov.mm/my/article/

## မြန်မာနိုင်ငံ၏ အာဆီယံ-ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှုနယ်မြေဆိုင်ရာ အကောက်ခွန် လျှော့ချမှုအစီအစဉ် ထုတ်ပြန်

မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ ဖြင့် ချိတ်ဆက်ထားသည့် မြန်မာနိုင်ငံ၏ အာဆီယံ-ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှုနယ်မြေဆိုင်ရာ အကောက်ခွန်လျှော့ချမှုအစီအစဉ်ကို အကောက်ခွန်ဦးစီးဌာနက ထုတ်ပြန်လိုက်သည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် အကောက်ခွန်နှုန်း ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ ဖြင့် ကူးပြောင်းချိတ်ဆက် ထားသည့် မြန်မာနိုင်ငံ၏ အာဆီယံ-ကိုရီးယားလွတ်လပ်သော ကုန်သွယ်မှုနယ်မြေဆိုင်ရာ အကောက်ခွန် လျှော့ချမှုအစီအစဉ် (Myanmar’s Tariff Reduction Schedule With HS 2022 Version under ASEAN-Korea Free Trade Area)ကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

အဆိုပါအမိန့်ကြော်ငြာစာသည် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ အကျိုး သက်ရောက်မည် ဖြစ်ကြောင်းနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၂၀.၄.၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၃/၂၀၂၀ ကို ယခု အမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်ကြောင်းသိရသည်။

မြန်မာနိုင်ငံ၏ အာဆီယံ- ဩစတြေးလျ - နယူးဇီလန်လွတ်လပ်သော ကုန်သွယ်မှုနယ်မြေဆိုင်ရာ အကောက်ခွန်နှုန်း လျှော့ချမှုအစီအစဉ်ကို အမိန့်ကြော်ငြာစာအမှတ် ၄၅/ ၂၀၂၃ ဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် အကောက်ခွန်နှုန်း ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ ဖြင့် ကူးပြောင်းချိတ်ဆက် ထားသည့် မြန်မာနိုင်ငံ၏ အာဆီယံ- ဩစတြေးလျ-နယူးဇီလန်လွတ်လပ်သော ကုန်သွယ်မှုနယ်မြေဆိုင်ရာ အကောက်ခွန်နှုန်းလျှော့ချမှုအစီအစဉ် (Myanmar’s AANZ Tariff Reduction Schedule in HS 2022)ကို ထုတ်ပြန်လိုက်သည်။

အဆိုပါ အမိန့်ကြော်ငြာစာသည် ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်မှစ၍ အကျိုးသက်ရောက်မည်ဖြစ်သည်။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၂၀ ကို ယခုအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်ကြော်ငြာစာ အမှတ် ၄၄/၂၀၂၃ ဖြင့် မြန်မာနိုင်ငံ၏ အာဆီယံအကောက်ခွန်နှုန်း လျှော့ချ/ ဖယ်ရှားမှု အစီအစဉ်ကိုလည်း ထုတ်ပြန်ထားသည်။

အာဆီယံဒေသတွင်း ကုန်ပစ္စည်း လွတ်လပ်စွာစီးဆင်းနိုင်ရေးအတွက် အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်အပိုဒ် ၁၉ ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် အကောက်ခွန်နှုန်းဥပဒေပုဒ်မ ၄ ပါ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အာဆီယံ စည်းဝါးညီ အကောက်ခွန်နှုန်းအမည်ပေးစနစ် ၂၀၂၂ ဖြင့် ကူးပြောင်းချိတ်ဆက်ထားသော မြန်မာနိုင်ငံ၏ အာဆီယံအကောက်ခွန်နှုန်း လျှော့ချ/ဖယ်ရှားမှုအစီအစဉ် (Myanmar’s ATIGA Tariff Reduction Schedule in AHTN 2022)ကို ထုတ်ပြန်လိုက်သည်။ အဆိုပါအမိန့်ကြော်ငြာစာသည် ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်မှစ၍ အကျိုးသက်ရောက်မည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။Source: https://news-eleven.com/article/254706

# ကုန်သွယ်မှုအခြေအနေ

## ၂၀၂၃၊ စက်တင်ဘာလ အဓိကပို့ကုန်(၁၀) မျိုး/အဓိကသွင်းကုန်(၁၀)မျိုး

တန်ဖိုး ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပစ္စည်း(ပို့ကုန်) | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး | | စဉ် | ပစ္စည်း(သွင်းကုန်) | တန်ဖိုး |
|---|---|---|---|---|---|---|---|---|
| 1 | ချုပ်ပြီးအထည် | ခုရေ | 54,622,835.345 | 392.260 | | 1 | ရေနံထွက်ပစ္စည်းများ | 394.964 |
| 2 | သဘာဝဓာတ်ငွေ့ | kg | 27,010,341.470 | 234.464 | | 2 | ချည်ထည်များ | 102.264 |
| 3 | မတ်ပဲ | မတန် | 108,115.897 | 101.320 | | 3 | ဓာတ်မြေသြဇာများ | 74.758 |
| 4 | ငါး | မတန် | 25,670.406 | 30.848 | | 4 | သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ | 64.551 |
| 5 | ဆန် | မတန် | 52,910.020 | 28.682 | | 5 | ပလပ်စတစ်ကုန်ကြမ်း ပစ္စည်းများ | 51.419 |
| 6 | ဆန်ကွဲ | မတန် | 35,931.950 | 15.797 | | 6 | စားအုန်းဆီ | 49.473 |
| 7 | သတ္တုနှင့်သတ္တုရိုင်းများ | မတန် | 9,351.531 | 13.348 | | 7 | ဆေးဝါးပစ္စည်းများ | 43.553 |
| 8 | ပဲတီစိမ်း | မတန် | 17,499.201 | 12.029 | | 8 | မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ | 40.923 |
| 9 | ရော်ဘာစိမ်း | မတန် | 8,689.890 | 10.716 | | 9 | လျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ | 36.860 |
| 10 | ပဲစင်းငုံ | မတန် | 9,010.910 | 9.198 | | 10 | ဓာတုဗေဒပစ္စည်းများ | 33.105 |

**Source: tradedata**

## ပြည်ပပို့ကုန်/သွင်းကုန် အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်

**တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း**

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၃ - ၂၀၂၄ (၂၉-၉-၂၀၂၃ )ထိ (ယာယီ) | ၂၀၂၂-၂၀၂၃ (၂၉ -၉-၂၀၂၃ ) ထိ | တိုး/လျော့ | | စဉ် | သွင်းကုန်အုပ်စု | ၂၀၂၃ - ၂၀၂၄ (၂၉-၉-၂၀၂၃ )ထိ (ယာယီ) | ၂၀၂၂-၂၀၂၃ (၂၉ -၉-၂၀၂၃ )ထိ | တိုး/လျော့ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | 1570.213 | 1702.602 | -1323.389 | | ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | 1746.296 | 1515.917 | 230.379 |
| ၂ | တိရစ္ဆာန်ထွက် | 4.004 | 16.978 | -12.974 | | ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | 4077.674 | 4002.031 | 75.643 |
| ၃ | ရေထွက် | 300.430 | 342.115 | -41.685 | | ၃ | လူသုံးကုန်ပစ္စည်း | 1366.267 | 1527.040 | -160.773 |
| ၄ | သတ္တုတွင်းထွက် | 152.135 | 171.010 | -18.875 | | ၄ | CMP | 1211.646 | 1393.607 | -181.961 |
| ၅ | သစ်တောထွက် | 33.899 | 75.760 | -41.861 | | | | | | |
| ၆ | စက်မှုကုန်ချော | 4831.963 | 5976.707 | -114.744 | | | | | | |
| ၇ | အခြား | 691.527 | 265.210 | 426.317 | | | | | | |
| | **စုစုပေါင်း** | **7584.171** | **8550.382** | **-966.211** | | | **စုစုပေါင်း** | **8401.883** | **8438.595** | **-36.712** |

**Source: commerce**

## ကုန်စည်ဒိုင် ဈေးနှုန်းများ

### ၂၀၂၃၊ စက်တင်ဘာလအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၃.၁၀.၂၀၂၃) ထိ

| မြို့နယ် | ဆန်ကြမ်းထိပ်စ | ပေါ်ဆန်း |
|---|---|---|
| ဖျာပုံ | – | 97000–98000 |
| မြောင်းမြ | 66000–68000 | 99000–100000 |
| ဒေးဒရဲ | 66000–68000 | 98000–99000 |
| ဝါးခယ်မ | 65000–67000 | 95000–96000 |
| ဘိုကလေး | 65000–66000 | 95000–96000 |
| မော်လမြိုင်ကျွန်း | 65000–66000 | 96000–97000 |
| လပွတ္တာ | 65000–66000 | 96000–97000 |
| ကျိုက်လတ် | 65000–66000 | 95000–96000 |
| ဘုရင့်နောင် | 63000–64000 | 110000–125000 (ရွှေဘို) |

**Source: MRF**

### ၂၀၂၃၊ စက်တင်ဘာလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 4.9.2023 | 1400-1450 | 1350-1400 | 1300-1350 | 1250-1300 | 1200-1250 |
| 2 | 11.9.2023 | 1400-1450 | 1350-1400 | 1300-1350 | 1250-1300 | 1200-1250 |
| 3 | 18.9.2023 | 1400-1450 | 1350-1400 | 1300-1350 | 1250-1300 | 1200-1250 |
| 4 | 25.9.2023 | 1400-1450 | 1350-1400 | 1300-1350 | 1250-1300 | 1200-1250 |

Source: MRPPA

## ၂၀၂၃၊ စက်တင်ဘာလအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ)(သစ်) | | | ခွံ့နီ(ရှယ်)(သစ်) | | | ဧည့်မထ | | | ငစိန်(သစ်) | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 1.9.2023 | 100000 | 100000 | 100000 | 98000 | 96500 | 95000 | 69000 | 66000 | 65000 | 70000 | 68000 | 65000 |
| 2 | 4.9.2023 | 100000 | 100000 | 100000 | 98000 | 96500 | 95000 | 69000 | 66000 | 65000 | 70000 | 68000 | 65000 |
| 3 | 5.9.2023 | 100000 | 100000 | 100000 | 98000 | 96500 | 95000 | 69000 | 66000 | 65000 | 70000 | 68000 | 65000 |
| 4 | 6.9.2023 | 100000 | 100000 | 100000 | 98000 | 96500 | 95000 | 69000 | 66000 | 65000 | 70000 | 68000 | 65000 |
| 5 | 7.9.2023 | 100000 | 100000 | 100000 | 98000 | 96500 | 95000 | 69000 | 66000 | 65000 | 70000 | 68000 | 65000 |
| 6 | 8.9.2023 | 100000 | 100000 | 100000 | 98000 | 96500 | 95000 | 69000 | 66000 | 65000 | 70000 | 68000 | 65000 |
| 7 | 11.9.2023 | 100000 | 100000 | 100000 | 98000 | 96500 | 95000 | 69000 | 66000 | 65000 | 70000 | 68000 | 65000 |
| 8 | 12.9.2023 | 100000 | 100000 | 100000 | 98000 | 96500 | 95000 | 69000 | 66000 | 65000 | 70000 | 68000 | 65000 |
| 9 | 13.9.2023 | 100000 | 100000 | 100000 | 98000 | 96500 | 95000 | 69000 | 66000 | 65000 | 70000 | 68000 | 65000 |
| 10 | 14.9.2023 | 100000 | 100000 | 100000 | 98000 | 96500 | 95000 | 69000 | 66000 | 65000 | 70000 | 68000 | 65000 |
| 11 | 15.9.2023 | 100000 | 100000 | 100000 | 98000 | 96500 | 95000 | 69000 | 66000 | 65000 | 70000 | 68000 | 65000 |
| 12 | 18.9.2023 | 100000 | 100000 | 100000 | 98000 | 96500 | 95000 | 69000 | 66000 | 65000 | 70000 | 68000 | 65000 |
| 13 | 19.9.2023 | 100000 | 100000 | 100000 | 98000 | 96500 | 95000 | 69000 | 66000 | 65000 | 70000 | 68000 | 65000 |
| 14 | 20.9.2023 | 100000 | 100000 | 100000 | 98000 | 96500 | 95000 | 69000 | 66000 | 65000 | 70000 | 68000 | 65000 |
| 15 | 21.9.2023 | 100000 | 100000 | 100000 | 98000 | 96500 | 95000 | 69000 | 66000 | 65000 | 70000 | 68000 | 65000 |
| 16 | 22.9.2023 | 100000 | 100000 | 100000 | 98000 | 96500 | 95000 | 69000 | 66000 | 65000 | 70000 | 68000 | 65000 |
| 17 | 25.9.2023 | 100000 | 100000 | 100000 | 98000 | 96500 | 95000 | 69000 | 66000 | 65000 | 70000 | 68000 | 65000 |
| 18 | 26.9.2023 | 100000 | 100000 | 100000 | 98000 | 96500 | 95000 | 69000 | 66000 | 65000 | 70000 | 68000 | 65000 |
| 19 | 27.9.2023 | 100000 | 100000 | 100000 | 98000 | 96500 | 95000 | 69000 | 66000 | 65000 | 70000 | 68000 | 65000 |
| 20 | 28.9.2023 | 100000 | 100000 | 100000 | 98000 | 96500 | 95000 | 69000 | 66000 | 65000 | 70000 | 68000 | 65000 |
| 21 | 29.9.2023 | 100000 | 100000 | 100000 | 98000 | 96500 | 95000 | 69000 | 66000 | 65000 | 70000 | 68000 | 65000 |

**Source: Myanmar Rice**

## ၂၀၂၃၊ စက်တင်ဘာလ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 1.9.2023 | 2100.0 | 60.000 | 289.20 | 1554.7 | 25.385 | 1443.9 |
| 2 | 4.9.203 | 2100.0 | 59.642 | 288.84 | 1551.0 | 25.395 | 1434.2 |
| 3 | 5.9.2023 | 2100.0 | 59.205 | 287.50 | 2542.6 | 25.288 | 1426.9 |
| 4 | 6.9.2023 | 2100.0 | 59.147 | 287.52 | 1542.5 | 25.260 | 1425.2 |
| 5 | 7.9.2023 | 2100.0 | 58.980 | 286.58 | 1539.1 | 25.242 | 1424.3 |
| 6 | 8.9.2023 | 2100.0 | 59.122 | 286.23 | 1539.3 | 25.304 | 1425.7 |
| 7 | 11.9.2023 | 2100.0 | 59.172 | 287.96 | 1543.7 | 25.310 | 1434.4 |
| 8 | 12.92023 | 2100.0 | 58.840 | 287.92 | 1540.4 | 25.324 | 1427.2 |
| 9 | 13.9.2023 | 2100.0 | 58.717 | 288.44 | 1542.2 | 25.31 | 1425.0 |
| 10 | 14.9.2023 | 2100.0 | 58.676 | 288.52 | 1543.0 | 25.292 | 1425.1 |
| 11 | 15.9.2023 | 2100.0 | 58.626 | 288.50 | 1540.8 | 25.252 | 1420.7 |
| 12 | 18.9.2023 | 2100.0 | 58.782 | 287.83 | 1539.3 | 25.222 | 1422.8 |
| 13 | 19.9.2023 | 2100.0 | 58.423 | 288.04 | 1540.7 | 25.236 | 1421.7 |
| 14 | 20.9.2023 | 2100.0 | 58.269 | 287.82 | 1540.0 | 25.282 | 1419.2 |
| 15 | 21.9.2023 | 2100.0 | 58.099 | 287.44 | 1535.0 | 25.285 | 1418.7 |
| 16 | 22.9.2023 | 2100.0 | 58.350 | 287.53 | 1537.9 | 25.319 | 1417.1 |
| 17 | 25.9.2023 | 2100.0 | 58.115 | 587.20 | 1537.2 | 25.257 | 1413.0 |
| 18 | 26.9.2023 | 2100.0 | 57.740 | 587.36 | 1535.8 | 25.239 | 1410.6 |
| 19 | 27.9.2023 | 2100.0 | 57.463 | 287.17 | 1532.2 | 25.238 | 1407.6 |
| 20 | 28.9.2023 | 2100.0 | 57.143 | 287.43 | 1533.0 | 25.240 | 1407.3 |
| 21 | 29.9.2023 | 2100.0 | 57.621 | 287.61 | 1541.8 | 25.284 | 1408.8 |

Source: Central Bank of Myanmar

## ၂၀၂၃၊ စက်တင်ဘာလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/Rc | ပဲစင်းငုံ RC | ပဲတီစိမ်း (ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2023 | 2023 | (သစ်) | (ထိပ်စ) | | (သစ်) |
| 1 | 1.9.2023 | 2515000 | 3875000 | 1785100-1889200 | 2143400 | 2856800-2908900 | 3086400 |
| 2 | 4.9.2023 | 2573000 | 3950000 | 1785100-1889200 | 2143400 | 2908900-2960900 | 3086400 |
| 3 | 5.9.2023 | 2564000 | 3975000 | 1785100-1889200 | 2143400 | 2908900-2960900 | 3086400 |
| 4 | 6.9.2023 | 2529000 | 4037500 | 1785100-1889200 | 2143400 | 2908900-2960900 | 3086400 |
| 5 | 7.9.2023 | 2530000 | 4075000 | 1785100-1889200 | 2143400 | 2908900-2960900 | 3086400 |
| 6 | 8.9.2023 | 2505000 | 4150000 | 1785100-1889200 | 2143400 | 2908900-2960900 | 3086400 |
| 7 | 11.9.2023 | 2420000 | 4150000 | 1785100-1889200 | 2143400 | 2908900-2960900 | 3086400 |
| 8 | 12.9.2023 | 2470000 | 4150000 | 1785100-1889200 | 2143400 | 2908900-2960900 | 3086400 |
| 9 | 13.9.2023 | 2449000 | 4150000 | 1785100-1889200 | 2143400 | 2804700-2856800 | 3086400 |
| 10 | 14.9.2023 | 2449000 | 4025000 | 1886200-1990300 | 2192400 | 2804700-2856800 | 3086400 |
| 11 | 15.9.2023 | 2490000 | 4000000 | 1886200-1990300 | 2192400 | 2804700-2856800 | - |
| 12 | 18.9.2023 | 2522000 | 3950000 | 1886200-1990300 | 2192400 | 2804700-2856800 | - |
| 13 | 19.9.2023 | 2569000 | 3950000 | 1886200-1990300 | 2192400 | 2804700-2856800 | - |
| 14 | 20.9.2023 | 2538000 | 40000000 | 1886200-1990300 | 2192400 | 2835400-2809500 | - |
| 15 | 21.9.2023 | 2572000 | 4037500 | 1886200-1990300 | 2223000 | 2835400-2809500 | - |
| 16 | 22.9.2023 | 2634000 | 4050000 | 1886200-1990300 | 2223000 | 2835400-2809500 | - |
| 17 | 25.9.2023 | 2584000 | 4050000 | 1886200-1990300 | 2223000 | 2856800-2890500 | - |
| 18 | 26.9.2023 | 2540000 | 4050000 | 1886200-1990300 | 2223000 | 2856800-2890500 | - |
| 19 | 27.9.2023 | 2525000 | 4000000 | 1886200-1990300 | 2223000 | 2856800-2890500 | - |
| 20 | 28.9.2023 | 2500000 | 4000000 | 1886200-1990300 | 2223000 | 2856800-2890500 | - |
| 21 | 29.9.2023 | 2517500 | 4075000 | 1886200-1990300 | 2223000 | 2856800-2890500 | - |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၃၊ စက်တင်ဘာလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆန် |
|---|---|---|---|---|---|---|
| 1 | 1.9.2023 | 3466100-3579400 | 1478900-1512600 | 2091300-2143400 | 1990300-2011700 | 728700-741000 |
| 2 | 4.9.2023 | 3466100-3579400 | 1478900-1512600 | 2091300-2143400 | 1990300-2011700 | 728700-741000 |
| 3 | 5.9.2023 | 3466100-3579400 | 1509500-1561600 | 2091300-2143400 | 1990300-2011700 | 728700-741000 |
| 4 | 6.9.2023 | 3466100-3579400 | 1509500-1561600 | 2091300-2143400 | 1990300-2011700 | 728700-741000 |
| 5 | 7.9.2023 | 3466100-3579400 | 1509500-1561600 | 2091300-2143400 | 1990300-2011700 | 728700-741000 |
| 6 | 8.9.2023 | 3466100-3579400 | 1509500-1561600 | 2091300-2143400 | 1990300-2011700 | 728700-741000 |
| 7 | 11.9.2023 | 3466100-3579400 | 1509500-1561600 | 2091300-2143400 | 1990300-2011700 | 722600-734900 |
| 8 | 12.9.2023 | 3466100-3579400 | 1509500-1561600 | 2091300-2143400 | 1990300-2011700 | 722600-734900 |
| 9 | 13.9.2023 | 3466100-3579400 | 1509500-1561600 | 2091300-2143400 | 2008600-2042300 | 722600-734900 |
| 10 | 14.9.2023 | 3466100-3579400 | 1531000-1561600 | 2091300-2143400 | 2008600-2042300 | 716500-728700 |
| 11 | 15.9.2023 | 3466100-3579400 | 1531000-1561600 | 2091300-2143400 | 2008600-2042300 | 716500-728700 |
| 12 | 18.9.2023 | 3466100-3579400 | 1561600-1583000 | 2091300-2143400 | 2091300-2143400 | 704200-716500 |
| 13 | 19.9.2023 | 3466100-3579400 | 1580000-1635100 | 2091300-2125000 | 2091300-2143400 | 704200-716500 |
| 14 | 20.9.2023 | 3466100-3579400 | 1580000-1684100 | 2091300-2125000 | 2091300-2143400 | 704200-716500 |
| 15 | 21.9.2023 | 3466100-3579400 | 1580000-1684100 | 2091300-2125000 | 2091300-2143400 | 704200-716500 |
| 16 | 22.9.2023 | 3466100-3579400 | 1580000-1684100 | 2091300-2125000 | 2091300-2143400 | 704200-716500 |
| 17 | 25.9.2023 | 3466100-3579400 | 1580000-1635100 | 2091300-2125000 | 2091300-2143400 | 692000-704200 |
| 18 | 26.9.2023 | 3466100-3579400 | 1580000-1635100 | 2091300-2125000 | 2091300-2143400 | 692000-704200 |
| 19 | 27.9.2023 | 3466100-3579400 | 1580000-1635100 | 2091300-2125000 | 2091300-2143400 | 692000-704200 |
| 20 | 28.9.2023 | 3466100-3579400 | 1580000-1635100 | 2091300-2125000 | 2091300-2143400 | 661400-673600 |
| 21 | 29.9.2023 | 3466100-3579400 | 1580000-1635100 | 2091300-2125000 | 2091300-2143400 | 661400-673600 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

# ၂၀၂၃၊ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 1.9.2023 to 8.9.2023 | 11.9.2023 to 15.9.2023 | 18.9.2023 to 22. 9. 2023 | 25.9 .2023 to 29.9 .2023 |
|---|---|---|---|---|---|
| မတ်ပဲ (2022 -23crop) | FAQ | 950-970 | 935-955 | 955-975 | 970-990 |
| | SQ | 1050-1070 | 1035-1055 | 1055-1075 | 1075-1095 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 1015-1065 | 1000-1050 | 1020-1070 | 1035-1085 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 1075-1125 | 1060-1110 | 1080-1130 | 1095-1145 |
| | အခွံပါ အခြမ်း | 960-1010 | 945-995 | 965-1015 | 980-1030 |
| ပဲတီစိမ်း (2022-23 Crop) | FAQ (အညာ) | 690-710 | 710-730 | 730-750 | 740-760 |
| | ရွှေဝါအကြီး (Size 3.5 mm &up) | 900-930 | 920-950 | 930-960 | 930-960 |
| | ရွှေဝါအကြီး (Size 3.25 mm &up) | 830-850 | 850-870 | 880-900 | 880-900 |
| | ရွှေဝါအသေး (Under 3.5 mm) | 800-830 | 820-850 | 850-870 | 850-870 |
| ပဲတီစိမ်း (2022 -23 Crop) | FAQ ပဲနောက် | 675-695 | 675-695 | 695-715 | 705-725 |
| | SQ ပဲနောက် | 805-825 | 805-825 | 830-850 | 830-850 |
| | အခွံချွတ်အလုံးကြီးအခြမ်း (အညာ) | 955-1005 | 975-1025 | 1010-1060 | 1020-1070 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 685-710 | 705-730 | 735-760 | 745-770 |
| | အခွံပါအလုံးသေးအခြမ်း (အညာ) | 685-735 | 705-755 | 735-785 | 745-795 |
| ပဲစင်းငုံ (2022 -23 Crop) | အနီ | 1290-1310 | 1290-1310 | 1290-1310 | 1320-1340 |
| ပဲစင်းငုံ (2023 Crop) | အဖြူ(စစ်ကိုင်း) | 1200-1220 | 1200-1220 | 1200-1220 | 1230-1250 |
| | အခွံချွတ်အခြမ်း | 1620-1645 | 1620-1645 | 1620-1645 | 1650-1675 |
| ကုလားပဲဖြူလုံးကြီး V2 | FAQ | 1050-1100 | 1050-1100 | 1050-1100 | 1050-1100 |
| | အခွံချွတ်အခြမ်း | 1375-1425 | 1375-1425 | 1375-1425 | 1350-1400 |
| ပဲလွန်းဖြူ | FAQ | 620-640 | 640-660 | 640-660 | 675-695 |
| | SQ | 665-690 | 680-705 | 680-705 | 715-740 |
| | အခွံချွတ်အခြမ်း | 825-875 | 850-900 | 850-900 | 885-935 |
| ပဲလွန်းနီ | FAQ | 730-780 | 850-900 | 850-900 | 765-815 |
| ပဲထောပတ် | FAQ | 1300-1330 | 1300-1330 | 1300-1330 | 1295-1325 |
| | အခွံချွတ်အခြမ်း | 1390-1420 | 1390-1420 | 1390-1420 | 1385-1415 |
| ပြောင်းဆန် | | 280-300 | 280-300 | 270-290 | 265-285 |
| နှမ်းဖြူ | | 2035-2085 | 1920-1970 | 1920-1970 | 1890-1940 |
| နှမ်းနက် (စမုံ) | | 1870-1920 | 1785-1835 | 1785-1835 | 1755-1805 |
| နှမ်းညို | | 1610-1660 | 1550-1600 | 1550-1600 | 1550-1600 |
| နှမ်းနက် (ရိုးရိုး) | | 1610-1660 | 1550-1600 | 1550-1600 | 1550-1600 |
| မြေထောက်ပဲ(အနီ) | | 1565-1590 | 1655-1680 | 1655-1680 | 1655-1680 |
| မြေထောက်ပဲ(အဖြူ) | | 1200-1225 | 1200-1225 | 1200-1225 | 1215-1240 |
| ပဲယင်း(ဂါ) | | 700-725 | 715-740 | 715-740 | 715-740 |
| ပဲယင်း(နီ) | | 990-1040 | 990-1040 | 990-1040 | 990-1040 |
| Azuki ပဲတီစိမ်း(နီ) | | 1250-1280 | 1250-1280 | 1250-1280 | 1250-1280 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၃၊ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်စျေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 30.8.2023 to 5.9.2023 | 6.9.2023 to 12.9.2023 | 13.9.2023 to 19.9.2023 | 20.9.2023 to 26.9.2023 | 27.9.2023 to 3.10.2023 |
|---|---|---|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken(well Milled Double Polished Sortexed) | 585-595 | 585-595 | 590-600 | 590-600 | 580-590 |
| 2 | Myanmar Long Grain White Rice 10% Broken(well Milled Double Polished Sortexed) | 575-585 | 575-585 | 580-590 | 580-590 | 570-580 |
| 3 | Myanmar Long Grain White Rice 15% Broken(well Milled Double Polished Sortexexd) | 265-575 | 565-575 | 570-580 | 570-580 | 565-570 |
| 4 | Myanmar Long Grain White Rice 20% Broken(well Milled Double Polished Sortexexd) | 555-565 | 555-565 | 560-570 | 560-570 | - |
| 5 | Myanmar Long Grain White Rice 25% Broken(well Milled Double Polished Sortexexd) | 545-555 | 545-555 | 555-560 | 555-560 | 555-560 |
| 6 | Myanmar Long Grain White Rice (Emata)25% Broken(Reasonable Well Milled) | 535-545 | 535-545 | 550-555 | 550-555 | 545-555 |
| 7 | Myanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 590-600 | 590-600 | 590-600 | 590-600 | 580-590 |
| 8 | Myanmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 580-590 | 580-590 | 580-590 | 580-590 | 570-580 |
| 9 | Myanmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 570-580 | 570-580 | 570-580 | 570-580 | 565-570 |
| 10 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 560-570 | 560-570 | 560-570 | 560-570 | 555-560 |
| 11 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 585-595 | 585-595 | 585-595 | 585-595 | 580-590 |
| 12 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 575-585 | 575-585 | 575-585 | 575-585 | 570-580 |
| 13 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 565-575 | 565-575 | 565-575 | 565-575 | 565-570 |
| 14 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 555-565 | 555-565 | 555-565 | 555-565 | 550-560 |
| 15 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 585-595 | 585-595 | 585-595 | 585-595 | 580-590 |
| 16 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 575-585 | 575-585 | 575-585 | 575-585 | 570-580 |
| 17 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 565-575 | 565-575 | 565-575 | 565-575 | 565-570 |
| 18 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 555-565 | 555-565 | 555-565 | 555-565 | 550-560 |
| 19 | Myanmar White Rice Tun Pu (or) Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 585-595 | 585-595 | 585-595 | 585-595 | 580-590 |
| 20 | Myanmar White Rice Tun Pu (or) Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 575-585 | 575-585 | 575-585 | 575-585 | 570-580 |
| 21 | Myanmar White Rice Tun Pu (or) Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 565-575 | 565-575 | 565-575 | 565-575 | 565-570 |
| 22 | Myanmar White Rice Tun Pu (or) Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 555-565 | 555-565 | 555-565 | 555-565 | 550-560 |
| 23 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 630-640 | 630-640 | 630-640 | 630-640 | 620-630 |
| 24 | Myanmar Parboiled Rice (Kayinma) 10 % Broken (Well Milled Double Polished Sortexed) | 620-630 | 620-630 | 620-630 | 620-630 | 610-620 |
| 25 | Myanmar Long Grain Parboiled Brown Rice 5% Broken (Well Milled Double Polished Sortexed) | 620-630 | 620-630 | 620-630 | 620-630 | 620-630 |
| 26 | Myanmar Long Grain Parboiled Rice 10% Broken (Well Milled Double Polished Sortexed) | 610-620 | 610-620 | 610-620 | 610-620 | 610-620 |
| 27 | Myanmar Glutinous Rice 5% Broken | 650-670 | 650-670 | 650-670 | 650-670 | 620-630 |
| 28 | Myanmar Glutinous Rice 10 % Broken | 630-650 | 630-650 | 630-650 | 630-650 | 615-625 |
| 29 | Myanmar Glutinous Rice 15 % Broken | 620-630 | 620-630 | 620-6300 | 620-630 | 610-620 |

**Source: MRF**

## ၂၀၂၃၊ စက်တင်ဘာလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil | Brent Crude Oil | RBOB Gasoline | Narural Gas | Heating Oil |
|---|---|---|---|---|---|---|
| | | (USD/bbl) | (USD / bbl) | (USd/ gal) | USD/ MMBtu) | (USd/ gal) |
| 1 | 1.9.2023 | 83.79 | 87.02 | 257.72 | 2.75 | 314.26 |
| 2 | 4.9.203 | 85.62 | 88.55 | 258.42 | 2.67 | 310.41 |
| 3 | 5.9.2023 | 85.96 | 88.95 | 260.95 | 2.65 | 314.60 |
| 4 | 6.9.2023 | 86.77 | 90.11 | 260.07 | 2.57 | 322.00 |
| 5 | 7.9.2023 | 87.31 | 90.42 | 262.80 | 2.52 | 319.53 |
| 6 | 8.9.2023 | 86.30 | 89.42 | 264.54 | 2.59 | 322.53 |
| 7 | 11.9.2023 | 87.01 | 90.47 | 264.88 | 2.55 | 328.57 |
| 8 | 12.92023 | 87.70 | 91.00 | 273.97 | 2.61 | 339.02 |
| 9 | 13.9.2023 | 89.07 | 92.26 | 271.68 | 2.75 | 334.08 |
| 10 | 14.9.2023 | 88.94 | 92.33 | 274.69 | 2.73 | 343.84 |
| 11 | 15.9.2023 | 88.94 | 9.33 | 274.69 | 2.73 | 343.84 |
| 12 | 18.9.2023 | 91.21 | 94.25 | 271.02 | 2.64 | 338.54 |
| 13 | 19.9.2023 | 92.42 | 94.86 | 270.60 | 2.73 | 330.64 |
| 14 | 20.9.2023 | 90.38 | 93.39 | 263.12 | 2.76 | 335.26 |
| 15 | 21.9.2023 | 90.28 | 92.89 | 260.02 | 2.74 | 331.24 |
| 16 | 22.9.2023 | 90.33 | 93.87 | 263.23 | 2.63 | 340.50 |
| 17 | 25.9.2023 | 90.08 | 93.38 | 257.24 | 2.64 | 332.62 |
| 18 | 26.9.2023 | 89.30 | 82.87 | 253.02 | 2.63 | 325.41 |
| 19 | 27.9.2023 | 91.25 | 94.82 | 29.05 | 2.66 | 328.18 |
| 20 | 28.9.2023 | 94.52 | 97.27 | 261.98 | 2.76 | 331.80 |
| 21 | 29.9.2023 | 91.92 | 95.43 | 251.55 | 2.98 | 334.51 |

Source: Bloomberg Commodities

## ၂၀၂၃၊ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)

| No | Date | London | New York |
|---|---|---|---|
| 1 | 1.9.2023 | 1941 | 1945 |
| 2 | 4.9.203 | 1946 | 2002 |
| 3 | 5.9.2023 | 1940 | 1943 |
| 4 | 6.9.2023 | 1929 | 2002 |
| 5 | 7.9.2023 | 1922 | 1926 |
| 6 | 8.9.2023 | 1926 | 1930 |
| 7 | 11.9.2023 | 1925 | 1928 |
| 8 | 12.92023 | 1922 | 1928 |
| 9 | 13.9.2023 | 1911 | 1918 |
| 10 | 14.9.2023 | 1910 | 1916 |
| 11 | 15.9.2023 | 1930 | 1915 |
| 12 | 18.9.2023 | 1935 | 1935 |
| 13 | 19.9.2023 | 1933 | 1938 |
| 14 | 20.9.2023 | 1929 | 1950 |
| 15 | 21.9.2023 | 1925 | 1930 |
| 16 | 22.9.2023 | 1927 | 1928 |
| 17 | 25.9.2023 | 1916 | 2002 |
| 18 | 26.9.2023 | 1916 | 1919 |
| 19 | 27.9.2023 | 1903 | 2002 |
| 20 | 28.9.2023 | 1877 | 1880 |
| 21 | 29.9.2023 | 1869 | 1871 |

Source: Bullionvault,

မှတ်ချက်။ ရွှေဈေးနှုန်း၊ ဒေါ်လာဈေးနှုန်းများ ရရှိသောအခါတွင်ပြန်လည်ထည့်သွင်းဖော်ပြသွားပါမည်။